မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၂၀၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ကြာသပတေးနေ့။

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

ငြိမ်းချမ်းသာယာဝပြောသည့် အာဆီယံအသိုက်အဝန်းတည်ထောင်ရန်မျှော်မှန်းချက် အပြည့်အဝဖော်ဆောင်မည်

နေပြည်တော် ဩဂုတ် ၆

၂၀၁၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကျရောက်မည့် (၄၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC II) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အာဆီယံနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အာဆီယံအသိုက်အဝန်းမဏ္ဍိုင်သုံးရပ်မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံအမတ်ကြီးများနှင့် ဇနီးများ၊ စာမျက်နှာ ၈ ကော်လံ ၁

အာဆီယံ၏ထူးခြားချက်မှာ ကွဲပြားခြားနားမှုများမှ တစ်ဆင့် စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်နိုင်ခြင်းဖြစ်၏၊ အခြေခံစိတ်ဓာတ်များသည် အာဆီယံ၏ တန်ဖိုးနှင့် အခြေခံမှုများဖြစ်ပြီး ယင်းအခြေခံမှုများသည် အာဆီယံကို အခက်အခဲများမှ အောင်မြင်စွာ ကျော်လွှားနိုင်စေရန် လမ်းပြဖော်ဆောင်ပေးခဲ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များ အာဆီယံ ၁၀ နိုင်ငံမှ ရိုးရာပစ္စည်းများ၊ အာဆီယံလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ အာဆီယံစာတမ်းများနှင့် ဆုရစာစီစာကုံးများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အီဘိုလာရောဂါခံစားနေရသူများ ဆီရာလီယွန်တပ်ဖွဲ့ဝင်များ စောင့်ကြပ် စာမျက်နှာ » ၄

အဝေးပြေးလမ်းမကြီး ယာဉ်မောင်းများ အထူးအရေးကြီး ဆောင်းပါး စာမျက်နှာ » ၆

ဇာပီ လက်ရွေးစင်မှနား စာမျက်နှာ » ၁၄

အင်တာနက်ဘဏ်ဝန်ဆောင်မှုစတင်ပြီ

သတင်း-မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံ-တင်စိုး(မြန်/လင်း)

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းများ တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာသည်။ နိုင်ငံခြားဘဏ်များလည်း မကြာမီ လာရောက်ဖွင့်လှစ်ရန်ရှိနေသည်။ ဘဏ်လုပ်ငန်းများတွင် အိုင်တီ

နည်းပညာအသုံးပြုမှုများ ကျယ်ပြန့်လာလျက်ရှိရာ အင်တာနက်ဘဏ်ဝန်ဆောင်မှုကို CB ဘဏ်က စတင်လိုက်ပြီဖြစ်သည်။

"ပြည်သူတွေအနေနဲ့ ဘဏ်ကိုလာရောက်စရာမလိုဘဲ ရိုးရှင်းလွယ်ကူစွာ အသုံးပြုလို့ရတဲ့စနစ်နဲ့ မိမိမှာရှိတဲ့ အင်တာနက်အသုံးပြုလို့ရတဲ့ မိုဘိုင်းဖုန်း၊ ကိုယ်ပိုင်သုံးကွန်ပျူတာ၊ လက်တော့ပ်၊ စမတ်ဖုန်း၊ Tablets၊ စမတ် TV စတဲ့ ပစ္စည်းတွေကတစ်ဆင့် ငွေပို့ငွေလွှဲဈေးဝယ်တာတွေကို အချိန်တိုအတွင်း လွယ်ကူစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု CB ဘဏ်ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးကျော်လင်းက ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းတွင်ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲ၌ ပြောသည်။

အင်တာနက်ဘဏ် ဝန်ဆောင်မှု (i Banking) ဆိုသည်မှာ အင်တာနက်မှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး လုံခြုံစိတ်ချစွာ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။

Internet Banking (i Banking) ဝန်ဆောင်မှုကြောင့် အလုပ်မအားလပ်သူများ၊ ခရီးသွားနေရသူများ၊ အချိန်မပေးနိုင်သူများအတွက် အင်တာနက်အခြေခံထားသည့် ကွန်ပျူတာ၊မိုဘိုင်းဖုန်းများအပြင် အခြား Electronic Device များတွင်ပါ အသုံးပြုနိုင်သည်။ တစ်ဖန် နောက်ဆုံးပေါ်နည်းပညာကို အသုံးပြုထားသည့်အပြင် One Time Password (OTP) နှင့် သုံးစွဲစေမည်ဖြစ်ရာ လုံခြုံမှုအဆင့်မြင့်မားစွာဖြင့် စာရင်းပိုင်ရှင်ကို အပြည့်အဝ အကာအကွယ်ပေးထားသည်။

CB ဘဏ်တွင် ဘဏ်စာရင်းတစ်ခုရှိရုံဖြင့် CB ဘဏ်ဝက်ဘ်ဆိုက်တွင် Username Password တို့ ရိုက်ထည့်ကာ မြန်မာလိုအကြောင်းအရာများဖြင့်လည်း စာမျက်နှာ ၁၀ ကော်လံ ၁

CHNT ELECTRIC SHOWROOM (မြည်လမ်း)

ကို အမှတ် (95/A)၊ ဝေဇယန္တာလမ်း၊ ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊

တောင်ဥက္ကလာပမြို့နယ်သို့ပြောင်းရွှေ့ဖွင့်လှစ်ထားပြီဖြစ်ကြောင်း

မိတ်ဟောင်း၊ မိတ်သစ်များအားသတင်းကောင်းပါးအပ်ပါသည်။

Ph: 01- 577755, 09-73722888, 09-73822888

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမြန်လမ်းမပေါ်တွင် ကူညီမည်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် သက်ဆိုင်ရာက စီစဉ်လျက်ရှိပါသည်။ ခရီးသွားပြည်သူများ လမ်းခရီးတစ်လျှောက် အရေးပေါ်ကိစ္စတစ်ခုခု ပေါ်ပေါက်ခဲ့ပါက ချက်ချင်းခေါ်ဆို အကူအညီတောင်းခံနိုင်မည့် **Hotline** စနစ်တစ်ခုကို မကြာမီက စတင်လိုက်ပြီ ဖြစ်ပါသည်။

ဤအမြန်လမ်းမပေါ်တွင် အသုံးပြုသွားလာနေကြသည့် ခရီးသွားပြည်သူများအနေဖြင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက **Hotline**နံပါတ် ၁၈၈၀ သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်မည်ဖြစ်ပါသည်။ ယခင်က ခရီးသွားပြည်သူများအနေဖြင့် အကူအညီတောင်းခံရန် **Hotline** နံပါတ် ၁၉၉ နှင့် ၁၈၇၆ လိုင်းများရှိခဲ့သော်လည်း ဖုန်းလိုင်းမအားသဖြင့် အချိန်ပြည့် အကူအညီမပေးနိုင်ခဲ့၍ **Hotline** နံပါတ်အသစ်ကို တပ်ဆင်ပေးလိုက်ခြင်းဖြစ်သည်။ အသစ်ထပ်မံတပ်ဆင်လိုက်သည့် **Hotline** နံပါတ်အတွက် ဝန်ထမ်း ၂၅ ဦးဖြင့် ၂၄ နာရီအချိန်ပြည့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားပြည်သူများအနေဖြင့် ဤအမြန်လမ်းမပေါ်တွင် ယာဉ်မတော်တဆမှု သော်လည်းကောင်း၊ အခြားအရေးပေါ်ကူညီရန် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့လျှင် သော်လည်းကောင်း၊ ဤ ၁၈၈၀ နံပါတ်ကို ခေါ်ဆိုနိုင်ပြီး ငါးမိနစ်အတွင်း ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ကူညီပေးနိုင်မည် ဖြစ်ပါသည်။ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွင် မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ အမြန်လမ်းရဲတပ်ဖွဲ့တို့ပါဝင်သည့် အဖွဲ့ကို ဖွဲ့စည်းထားပြီး အရေးပေါ်ဆက်သွယ်လာပါက အခင်းဖြစ်ပွားနေရာသို့ တစ်ခဏအတွင်း လာရောက်ကူညီပေးနိုင်မည်ဖြစ်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်တွင် လောလောဆယ် အရေးပေါ်ကူညီရေးစခန်း ငါးခုသာရှိပြီး နောက်ထပ်(၁၀)ခုအထိ တိုးချဲ့သွားမည်ဖြစ်ကြောင်းသိရသည်။ ဤအမြန်လမ်းမကြီးသည် ယခုအခါ မော်တော်ယာဉ်သုံးစွဲမောင်းနှင်သွားလာမှုများ တိုးတက်များပြားလာလျက် ရှိပါသည်။ ယခုကဲ့သို့ အရေးပေါ် ကူညီရေးစခန်းများဖွင့်လှစ်ပြီး **Hotline** နံပါတ်ကို ဖွင့်လှစ်ပေးမှုကြောင့် ခရီးသွားပြည်သူများအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် မော်တော်ယာဉ်မတော်တဆမှု၊ မော်တော်ယာဉ်မီးလောင်မှု၊ စက်ချွတ်ယွင်းမှုအစရှိသဖြင့် မော်တော်ယာဉ်နှင့်ပတ်သက်သည့် အရေးပေါ်အခက်အခဲများပါ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အစရှိသဖြင့် မြို့ကြီးများအကြား ယခုအခါ အပြန်အလှန်ခရီးသွားလာမှု များပြားလာပါသည်။ ဤအမြန်လမ်းမကြီး ပေါ်ထွန်းလာမှုနှင့်အတူ အမြန်ယာဉ် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများလည်း အဆင့်အတန်းမီစွာဖြင့် တိုးတက်ပြောင်းလဲလျက် ရှိပါသည်။ ခရီးသွားပြည်သူများအနေဖြင့် အဆင့်အတန်းမြင့်မားသော ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကြောင့် အချိန်ကုန်သက်သာပြီး သက်သောင့်သက်သာ သွားလာနိုင်ကြပြီ ဖြစ်ပါသည်။ ဤသို့ အမြန်လမ်းနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာမှုနှင့်အတူ ယခုကဲ့သို့ အရေးပေါ်ဖုန်းနံပါတ်ဖြင့် ကူညီရေးစခန်းများဖွင့်လှစ်ပေးနိုင်ခြင်းမှာလည်း ခရီးသွားပြည်သူများအတွက် ဖြည့်ဆည်းပေး မှုတစ်ရပ်ပင် ဖြစ်ပါသည်။ သို့ပါ၍ အမြန်လမ်းမပေါ်တွင် အရေးပေါ်အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ခဲ့ပါက အလွယ်တကူ ကူညီပေးနိုင်တော့မည် ဖြစ်ပါကြောင်း။ ။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်၊ အခြေခံပညာဦးစီးဌာနအတွင်းရှိ အခြေခံပညာကျောင်း၊ ရုံးများအတွက် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။	Single Desk & Single Chair	(၃၀၆၄)စုံ
၂။	လေးယောက်ထိုင်ခုံမြင့်	(၁၅၈၀)စုံ
၃။	Officer Table	(၇)လုံး
၄။	Officer Chair	(၇)လုံး
၅။	Table	(၇)လုံး
၆။	Armless Chair	(၁၄)လုံး

၂။ သို့ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်ပြီး အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၈-၂၀၁၄ ရက်

တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက် - ၂၁-၈-၂၀၁၄ ရက် ၁၆:၀၀နာရီ

၄။ အသေးစိတ်သိရှိလိုသောအချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း-၀၅၈-၂၃၂၈၈ သို့လည်းကောင်း၊ ကရင်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၅၈-၂၁၁၃၃၊ ၀၅၈-၂၁၄၅၅ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

ပြည်တွင်းသတင်း

အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ကြားချက်အရ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကိုဖွင့်လှစ်ပြီး ဝန်ထမ်းများ၏ လုပ်ငန်းများကို ခေတ်နှင့်လိုက်လျောညီထွေပြီး စွမ်းဆောင်ရည်မြင့်မား၍ လျင်မြန်ထိရောက်သော နည်းလမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပါကြောင်းဖြင့် ဩဂုတ် ၄ ရက် နံနက် ၈ နာရီက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသည့် အရာထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၂/၂၀၁၄) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုလိုဆောင်ရွက်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာပြီး အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ထိတွေ့ကာ ပြည်သူလူထု ပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲမှုစနစ်များ၊ ပိုမိုတိုးတက်ကောင်းမွန်စေသည့် လုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ အဆင့်လိုက်တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အညီ စွမ်းဆောင်ရည်မြင့်မားပြီး ပိုမိုလျင်မြန်စွာ လုပ်ဆောင်တတ်စေမည်ဖြစ်ပါကြောင်း၊ တာဝန်သိမှုအပိုင်းတွင် မိမိလုပ်ရမည့် လုပ်ငန်းကိုသိရှိပြီး၊ မည်သူမျှမစေခိုင်းဘဲ လုပ်စရာရှိသည်များကို မိမိအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်း၊ တာဝန်ယူမှုအပိုင်းတွင်လည်း မိမိဆုံးဖြတ်ဆောင်ရွက်သည့် ကိစ္စအဝဝအားလုံးအပေါ် တာဝန်ရှိမှုဖြစ်ပြီး ဥပဒေနှင့်ညီညွတ်အောင် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသော မွေးမြူရေးအစာစိုက်ပျိုးထုတ်လုပ်ပြီး သားငါးမွေးမြူထုတ်လုပ်မှု မြှင့်တင်လျက် ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် သာမက ပြည်ပသို့ပါ တိုးမြှင့်တင်ပို့နိုင်ရေး မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးနှင့် နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဌာနအဖွဲ့အစည်းများ၊ အဖွဲ့များနှင့် အသေးစား ချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကုန်သည်၊ လုပ်ငန်းရှင်ကြီးများနှင့် ပူးပေါင်းပြီး ဒေသတစ်ခုချင်း၊ မြို့နယ်တစ်ခုချင်း သိသိသာသာ တိုးတက်ဖြည့်ဆည်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း (၂/၂၀၁၄) တွင် e-Government and Information Technology၊ အုပ်ချုပ်မှုယန္တရား တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentralization)၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများ၊ တိရစ္ဆာမွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနနှင့်လေ့ကျင့်ရေး၊ ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း၊ Duty and Function၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်အကြောင်း သိကောင်းစရာများစသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေရှိ အရာထမ်းများအပါအဝင် အရာထမ်း ၂၃၇ ဦး တက်ရောက်၍ သင်တန်းကာလမှာ ဩဂုတ် ၄ ရက်မှ ၈ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၂၄) အထူးယာဉ်ဆူးလေသို့အသွား လှည်းတန်းတွင်မရပ်နား

ရန်ကုန် ဩဂုတ် ၆

ခရီးသည်တင် မော်တော်ယာဉ် ရပ်နားရန် နေရာတိကျစွာ သတ်မှတ်ထားခြင်း မရှိသောကြောင့် အမှတ်(၁၂၄) အထူးယာဉ်လိုင်းအနေဖြင့် အင်းစိန်မှ ဆူးလေသို့ အသွားခရီးတွင် လှည်းတန်းမှတ်တိုင်နေရာ၌ ရပ်နားတော့မည်မဟုတ်ကြောင်း သိရသည်။

သတ်မှတ်ထားသော မှတ်တိုင်ဧရိယာ (Yellow Box) မရှိခြင်း၊ သတ်မှတ်ထားသော မှတ်တိုင်ဧရိယာ (Bus Stop) မရှိခြင်း၊ ယခုအခါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စီမံချက်ကာလဖြစ်ပါသဖြင့် ယာဉ်မောင်းများအား လိုင်စင်ပိတ်သိမ်းရာတွင် ခြောက်လမှ လေးနှစ်အထိ ပိတ်သိမ်း အရေးယူလျက်ရှိကြောင်း၊ သို့ပါ၍ ဥပဒေ အကြောင်းအရ ဖြေရှင်းရန် ခက်ခဲပါသောကြောင့် လှည်းတန်းလမ်းဆုံ မှတ်တိုင်တွင် ရပ်နားခြင်း မပြုသည့်အတွက် ခရီးသွားပြည်သူများအား နားလည်ခွင့်လွှတ်စေလိုကြောင်း၊ (၁၂၄) အထူးယာဉ်ပိုင်ရှင်များနှင့် ယာဉ်လုပ်သားများက အသိပေးပန်ကြားစာများကို ၎င်းတို့၏ မော်တော်ယာဉ်များတွင် ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

"မှတ်တိုင်လည်း တိတိကျကျမရှိဘူး။ မှတ်တိုင်နေရာ ဘယ်နေရာလဲ ဆိုတာမေးတော့ ကျွန်တော်တို့ကို ဟိုလက်ညှိုးထိုး၊ ဒီလက်ညှိုးထိုးနဲ့ ဒါကြောင့် စာကပ်ထားတာပါ" ဟု အဆိုပါ ယာဉ်လိုင်းမှ ယာဉ်အကူ တစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်လည်း အစည်းအဝေးမှာ ဒီလှည်းတန်းမှတ်တိုင်နေရာကို လုပ်ပေးဖို့ တင်ပြထားပါတယ်" ဟု လှည်းတန်းမှတ်တိုင်အနီးတွင် တွေ့ရသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ (၁၂၄) အထူးယာဉ်လိုင်းသည် ရွှေပြည်သာနှင့် ဆူးလေ ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းဖြစ်ပြီး ဆူးလေမှ ရွှေပြည်သာသို့ အပြန်ခရီးတွင် ပုံမှန်အတိုင်း လှည်းတန်းမှတ်တိုင်တွင် ရပ်နားပေးကြောင်း သိရသည်။

(၁၆၃)

CLAIMS DAY NOTICE
M.V SPRING WIND VOY:NO(24)

Consignees of cargo carried by M.V SPRING WIND VOY:NO.(24) are here by notified that the vessel will arrive on about 9-8-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to O4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကျောင်းပြင်ပ ပညာရေးစခန်းဖွင့်

တောင်ငူ ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး အတွင်း အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့်မရရှိခဲ့သည့် ကလေးသူငယ်များ ပညာသင်ကြားခွင့်ရရှိရန် ကျောင်းပြင်ပ ပညာရေးစခန်း (NFPE) ဖွင့်လှစ်ခြင်း အခမ်းအနားကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ဩဂုတ် ၄ ရက် နံနက်၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးက အမှာစကားပြောကြားပြီး ဗဟိုညှိနှိုင်းရေးမှူး ဦးအေးကြိုင်နှင့် အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က (NFPE)ဆိုင်ရာ လုပ်ငန်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဦးစောစံယဉ်က (NFPE)ကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စတင်ဖွင့် လှစ်ခဲ့ပြီး ယခုနှစ်ပညာသင်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ညောင်လေးပင်၊ တောင်ငူ၊ ရေတာရှည်၊ ပန်းတောင်း၊ ပြည်၊ သာယာဝတီ၊ လက်ပံတန်းမြို့နယ်တို့တွင် စခန်းပေါင်း ၄၉ခု ဖွင့်လှစ်ထားရှိ၍ ကျောင်းသား ကျောင်းသူပေါင်း ၁၀၃၃ ဦးကို သင်ကြားပေးနေကြောင်း ပြောကြားခဲ့သည်။

(NFPE) ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ရဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသူ အသက် ၁၀ နှစ် မှ ၁၄ နှစ် သက်ငယ်အုပ်စုကလေးများကို ဒုတိယအကြိမ်ပညာရေးအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးနိုင်ရန်နှင့် အဆိုပါ ကလေးများအား အလယ်တန်းအဆင့်သို့ ဆက်လက်သင်ယူခွင့်ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အထူးသတိထားရှောင်ကြဉ်

ရန်ကုန် ဩဂုတ် ၆

မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အထူးသတိထား ရှောင်ကြဉ်ကြရန် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ၂၀၁၃-၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၉ နာရီခွဲတွင် သုံးခွမြို့နယ် အထက(၁)ကျောင်း၌ ကျင်းပသည့် ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ပေးအပ်

အဆိုပါ အခမ်းအနားသို့ အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ကြက်ခြေနီအသင်းမှတာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ တက်ရောက်ခဲ့ကြပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက အမှာစကားပြောကြားရာတွင် ဆုငွေသည် တန်ဖိုးအားဖြင့် နည်းသော်လည်း ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်ကို မြှင့်ပေးခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း အထူး သတိထားရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့သည်။ ဆက်လက်ပြီး တစ်မြို့နယ်လုံးတွင် အောင်ချက် အကောင်းဆုံးဆုရ ပျဉ်းမကန်အထကခွဲကို ဆုငွေကျပ်ငါးသိန်း၊ ငါးဘာသာဂုဏ်ထူးရှင်များကို ဆုငွေကျပ်တစ်သိန်း၊ လေးဘာသာဂုဏ်ထူးရှင်ကို ဆုငွေ ကျပ်လေးသောင်း၊ သုံးဘာသာဂုဏ်ထူးရှင်များကို ဆုငွေကျပ်သုံးသောင်း၊ နှစ်ဘာသာဂုဏ်ထူးရှင်များကို ဆုငွေကျပ်နှစ်သောင်း၊ တစ်ဘာသာဂုဏ်ထူးရှင်များကို ဆုငွေကျပ် တစ်သောင်းကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း **(ဝဲပုံ)**၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ပေးအပ်ခဲ့ကြပြီး ဂုဏ်ထူးရ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

သုံးခွမြို့နယ် တစ်မြို့နယ်လုံးတွင် ဂုဏ်ထူးရကျောင်းသား စုစုပေါင်း ၈၃ ဦးရှိပြီး အောင်ချက်အကောင်းဆုံးဆုကို ပျဉ်းမကန်အထကကျောင်းခွဲက အောင်ချက်ရာခိုင်နှုန်း ၅၃ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့်ရရှိ၍ တစ်မြို့နယ်လုံး စုစုပေါင်းအောင်ချက်ရာခိုင်နှုန်းမှာ ၃၆ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ(ချောက်) ငှားရမ်းနိုင်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်အား ဂျာမနီနိုင်ငံ Friedrich Naumann Foundation for Freedom (FNF)မှ Regional Manager ဖြစ်သူ Mr. Moritz Kleine-Brockhoff ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေကြမ်းများ ရေးဆွဲခြင်း၊ အရည်အသွေးမြှင့်တင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ခြင်းများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် (MoU)ရေးထိုးရန်နှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား တရုတ်နိုင်ငံ Shanghai New Hualian Pharmaceutical Co.,Ltd. မှ Chairman ဖြစ်သူ Mr. Zhou Qruhuo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံပြီး စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် စက်ရုံ(ချောက်)ကို ငှားရမ်းနိုင်ရေး၊ စက်ရုံတည်ဆောက်ရေး၊ လိုအပ်သော စက်ပစ္စည်း တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း Environmental Impact Assessment (EIA)၊ Social Impact Assessment (SIA)များနှင့်အညီလိုက်နာ၍ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ခရောင်းကျေးရွာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးတင့်ခိုင်နှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် ဇူလိုင် ၃၁ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်စဉ်။
ကိုမျိုး(ရွှေပေါက်ကံ)

ပြည်တွင်းသတင်း

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၀) ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၄၈/၂၀၁၂)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါကော်မရှင်၏ကြေညာချက်အမှတ်(၁၄/၂၀၁၃)နှင့် ၁-၈-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်			
(၁)	လေ ၂၅၅၂ ဗိုလ်မှူးနေလင်းအောင်	**(အစား)**	လေ ၂၈၅၄ ဗိုလ်မှူးမျိုးမင်းထွန်း
(၂)	ကြည်း ၂၅၂၅၃ ဗိုလ်မှူးမင်းသူဇော်	**(အစား)**	ကြည်း ၃၅၉၀၆ ဗိုလ်မှူးကောင်းသန့်ကျော်
ရှမ်းပြည်နယ်လွှတ်တော်			
(၃)	ကြည်း ၃၄၁၃၀ ဗိုလ်မှူးသောင်းလှိုင်	**(အစား)**	ကြည်း ၃၅၆၅၂ ဗိုလ်မှူးကျော်ကျော်ဝေ
(၄)	ကြည်း ၃၃၀၇၇ ဗိုလ်မှူးသက်ဇော်ထွန်း	**(အစား)**	ကြည်း ၃၆၂၀၁ ဗိုလ်မှူးမျိုးမင်းသူ
(၅)	ကြည်း ၂၉၅၇၈ ဗိုလ်မှူးမျိုးမင်းအောင်	**(အစား)**	ကြည်း ၃၃၅၂၂ ဗိုလ်မှူးအောင်ဇော်မျိုး
(၆)	ကြည်း ၃၅၅၆၀ ဗိုလ်မှူးမင်းထက်	**(အစား)**	ကြည်း ၂၇၄၂၅ ဗိုလ်မှူးလှထွန်းအောင်
(၇)	ကြည်း ၃၃၁၀၄ ဗိုလ်မှူးသန့်ဇင်ဦး	**(အစား)**	ကြည်း ၃၂၇၂၇ ဗိုလ်မှူးမျိုးထွန်း
(၈)	ကြည်း ၃၄၃၄၇ ဗိုလ်မှူးသက်လွင်ဦး	**(အစား)**	ကြည်း ၂၆၁၉၀ ဗိုလ်မှူးအောင်မျိုးကြည်
(၉)	ကြည်း ၃၅၁၃၂ ဗိုလ်ကြီးခင်မောင်ဝင်း	**(အစား)**	ကြည်း ၄၆၃၁၇ ဗိုလ်ကြီးမျိုးကိုကိုဝင်း
(၁၀)	ကြည်း ၃၂၄၆၉ ဗိုလ်ကြီးသန်းမြင့်	**(အစား)**	ကြည်း ၃၃၈၀၄ ဗိုလ်ကြီးပေါ်လာ

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၉-၈-၂၀၁၄ ရက်နေ့တွင် ရန်ကင်း၊ ဒဂုံ(တောင်)၊ သဃ်န်း ကျွန်း၊ မြောက်ဥက္ကလာပ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ ခရမ်း၊ ကျောက်တန်း၊ တံတား၊ သုံးခွ၊ တွံတေး၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ လှည်းကူး၊ ဒါးပိန်၊ တိုက်ကြီး၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ဝ၈း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၁၀-၈-၂၀၁၄ ရက်နေ့တွင် သာကေတ၊ မြောက်ဥက္ကလာပ၊ လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ ခရမ်း၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျောက်တန်း၊ တံတား၊ တွံတေး၊ မှော်ဘီ၊ ထောက်ကြန့်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ အင်းစိန်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ဝ၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ဓနုဖြူမြို့၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အလကကျောင်းခွဲအဆင့်တိုးမြှင့်ဖွင့်

ဓနုဖြူ ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် စက်တုချောင်းလေးကျေးရွာအုပ်စု စက်တုကျေးရွာတွင် ဩဂုတ် ၄ ရက်နံနက် ၉ နာရီက ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲနှင့် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မအူပင်ခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်းမှ ရရှိလာနိုင်မည့် အကျိုးဆက်များကို ဆွေးနွေးပြောကြားခြင်း ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းသော ဂျပန်နိုင်ငံ (NIPPON)ဖောင်ဒေးရှင်း၏တာဝန်ရှိသူ Mr. He Ra No No Bo Yu Ki က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး မအူပင်ခရိုင် ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်က ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၇၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်အဆောက်အအုံကို ငွေကျပ်သိန်း ၆၀၀ အကုန်အကျခံ၍ စတင်ဆောက်လုပ်ရာ ကျေးရွာမှ မတည်ထားသော ငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာအတွက် ရိတ်သိမ်းခြွေလှေ့စက် ဝယ်ယူထားပြီး အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်ငှားရမ်းခြင်းမှ ရလာသည့် အကျိုးအမြတ်များကို အလယ်တန်းကျောင်း(ခွဲ)၏ ဘက်စုံဖွံ့ဖြိုးရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် ထားရှိသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မျှော်လင့်ချက်တို့ ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ၊ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ် ကုသနိုင်တဲ့အရာ

နိုင်ငံတကာသတင်း

အာဖဂန်၌သေဆုံးခဲ့သော အမေရိကန်ဗိုလ်ချုပ်ဂရင်းအား အမေရိကန်တပ်မတော်က သူရဲကောင်းအဖြစ် ချီးကျူး

ကဘူးလ် ဩဂုတ် ၆

အမေရိကန်တပ်မတော်က အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သော ဗိုလ်ချုပ်ဟာရိုးဂရင်းကို သူရဲကောင်းအဖြစ် ချီးကျူးဂုဏ်ပြုခဲ့သည်။

ဗိုလ်ချုပ်ဂရင်းသည် ဗီယက်နမ်စစ်ပွဲအပြီး သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ရာထူးအကြီးဆုံး ဖြစ်သည်။

ဗိုလ်ချုပ်ဂရင်းသည် ဗြိတိန်စစ်ရေးလေ့ကျင့်ရေး အဆောက်အအုံ၌ရောက်ရှိနေစဉ် သေနတ်မှန်သေဆုံးခဲ့ခြင်း ဖြစ်သည်။ ၎င်းအာဖဂန်တပ်ဖွဲ့ဝင်က အဆောက်အအုံအတွင်း သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု အရာရှိများက ပြောခဲ့သည်။ အာဖဂန်နိုင်ငံအတွင်း အငြင်းပွားမှုများကြောင့် အတွင်းလူတိုက်ခိုက်မှုများ ဖြစ်ပွားလာခြင်းဖြစ်သည်။

၎င်းတို့သည် အမေရိကန်နှင့်နေတိုးတပ်ဖွဲ့ဝင်အများစုကို နိုင်ငံအတွင်းမှ ထွက်ခွာရန် ပြင်ဆင်နေချိန်လုံခြုံရေးတပ်ဖွဲ့ဝင် ၃၅၀၀၀၀ ၏ စစ်ရေးလေ့ကျင့်မှုကို ကြီးကြပ်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှု၌ ဗိုလ်ချုပ်ဂရင်းနှင့်အတူ အခြားတပ်ဖွဲ့ဝင် ၁၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများတွင် ဗြိတိန်နိုင်ငံသားနှစ်ဦး၊ ဂျာမနီနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ ဗိုလ်ချုပ်ကြီးများနှင့် အမေရိကန်နိုင်ငံသားများစွာ ပါဝင်သည်။ **(ဘီဘီစီ)**

အီဘိုလာရောဂါခံစားနေရသူများ ဆီရာလီယွန်တပ်ဖွဲ့ဝင်များ စောင့်ကြပ်

ဆီယာရာလီယွန် ဩဂုတ် ၆

ရာပေါင်းများစွာသော ဆီယာရာလီယွန်တပ်ဖွဲ့ဝင်များသည် အီဘိုလာရောဂါခံစားနေရသူများအားအနီးအနားရှိ ကျေးရွာများသို့ ထွက်ခွာမသွားစေရန် လုံခြုံရေးစောင့်ကြပ်လျက်ရှိသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် အီဘိုလာရောဂါခံစားနေရသူရောဂါဝေဒနာရှင်များထံ ၎င်းတို့၏ မိဘဆွေမျိုးများဆေးရုံထောက်ခံချက်မရှိဘဲ ဝင်ရောက်ခြင်းမပြုရန် တားမြစ်လျက်ရှိကြောင်း ဆီရာလီယွန် သမ္မတ၏ လက်ထောက်က ပြောသည်။

ကျယ်ပြန့်လာသော အီဘိုလာတိုက်ဖျက်ရေးသည် ရောဂါခံစားနေရသူများ ဆေးရုံများမှ ဆင်းစေပြီး ၎င်းတို့၏ ကျေးရွာများ၌ သေဆုံးစေခြင်းဖြင့် အခက်အခဲနှင့်ရင်ဆိုင်နေရသည်။ ဆီယာရာလီယွန်တပ်ဖွဲ့ဝင် ၇၀၀ ခန့်သည် အီဘိုလာရောဂါပြင်းထန်စွာဖြစ်ပွားရာဒေသရှိ လမ်းများကို ပိတ်ဆို့ထားပြီး ကျန်းမာရေးတာဝန်ရှိသူများကိုသာ ဝင်ထွက်သွားလာခွင့်ပြုသည်။ ဆီရာလီယွန်တွင် အဆိုပါရောဂါကြောင့် လူပေါင်း ၆၄၆ ဦး ကူးစက်ခံရပြီး ၂၇၃ ဦး သေဆုံးခဲ့ရသည်။

အနောက်အာဖရိက၌ အဆိုပါရောဂါဖြစ်ပွားမှုမှာ အခြေအနေဆိုးရွားနေခြင်းကြောင့် ဗြိတိသျှလေကြောင်းလိုင်းက လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်သို့ ပျံသန်းမှုကို ရပ်ဆိုင်းလိုက်ပြီးနောက် အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုအတောအတွင်း ဆော်ဒီအာရေဗျဆရာဝန်များက ဆီယာရာလီယွန်သို့ သွားရောက်ခဲ့သူတစ်ဦး အီဘိုလာရောဂါကူးစက်ခံရသည်ကို စမ်းသပ်နေကြောင်း ပြောကြားသည်။

တနင်္လာနေ့တွင် လိုက်ဘေးရီးယား၌ ပြည်သူများက အီဘိုလာရောဂါကြောင့် သေဆုံးသူများနေအိမ်များမှ နေ့အခါ ရုပ်အလောင်းများ ထုတ်လာခြင်းကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ လောလောဆယ်တွင် အီဘိုလာရောဂါကုသရန် ဆေးမရှိသေးဟု ဆိုသည်။ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်းနှင့် သွေးထွက်ခြင်း လက္ခဏာများဖြစ်ပြီး သေဆုံးလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

ပါကစ္စတန်အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲ ၃၀ သေဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းခရိုင်တစ်ခု၌ စစ်သွေးကြွများ ပုန်းအောင်းရာနေရာကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ သံသယရှိ စစ်သွေးကြွ ၃၀ သေဆုံးသွားကြောင်း ပါကစ္စတန်တပ်မတော်က ပြောသည်။

မြောက်ဝါဇီရစ္စတန်ရှိ ဒက်တာခဲလ်၊ မာခီခဲလ်နှင့် ကမ်ရှမ်ဒေသတို့၌ ခိုအောင်းနေသော စစ်သွေးကြွများအား အင်္ဂါနေ့က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ယင်းဒေသသည် ပါကစ္စတန်တပ်မတော်က တာလီဘန်လိုလားသော စစ်သွေးကြွများအား တိုက်ခိုက်နေသောဒေသဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်ရေးသမားများခိုလှုံရာ နေရာခြောက်ခုကို လေကြောင်းမှ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ဒီအကြမ်းဖက် ၃၀ ကို သုတ်သင်နိုင်ခဲ့ကြောင်း စစ်ဘက်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါ ခရိုင်မှ ဒေသခံများသည် မကြာမီက သေဆုံးမှုများ မြင့်တက်လျက်ရှိရာ အရပ်သားများ အများဆုံးဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ယူနန်ငလျင်သေဆုံးသူ ၆၀၀ ပြည့်လုနီး

ပေကျင်း ဩဂုတ် ၆

ယူနန်ပြည်နယ်၌ တနင်္ဂနွေနေ့က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူ ၆၀၀ ထက်မနည်းရှိလာပြီဖြစ်ကြောင်း အရာရှိများက ပြောခဲ့သည်။

တောင်ကုန်းဒေသတစ်ခု၌ အင်အား ၆ ဒသမ ၁ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လူနေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့သည်။သေဆုံးသူစုစုပေါင်း ၅၈၉ ဦးနှင့် ပျောက်ဆုံးနေသူကိုးဦးရှိပြီး ၂၄၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။ လမ်းများစွာ ပျက်စီးမှုကြောင့် အကျိုးအပဲ့အပျက်အစီးများသည် မြစ်အတွင်း ပိတ်ဆို့မှုများဖြစ်ခဲ့ရာ ရေအိုင်များသဖွယ်ဖြစ်လာပြီး ရေလွှမ်းမည်ကို စိုးရိမ်နေရသည်။ ငလျင်ဗဟိုချက်နေရာသည် ကျဉ်းမြောင်းသောလမ်းများနှင့် တောင်ကုန်းထူထပ်သောဒေသဖြစ်သည်။

ရာပေါင်းများစွာသော တရုတ်အစိုးရတပ်ဖွဲ့ဝင်များကို ဒုက္ခရောက်နေသူများအား အကူအညီပေးရန်နှင့် အကျိုးအပဲ့များအကြား ပိတ်မိနေသူများကို ကယ်ဆယ်ရန် စေလွှတ်ခဲ့သည်။ ရွက်ဖျင်တဲများ၊ အစားအစာများကို ကုန်းကြောင်း၊ လေကြောင်းတို့ဖြင့် ထောက်ပံ့ပေးခဲ့သည်။ အလားတူ နီလန်မြစ်အတွင်း ပိတ်ဆို့မှုများကြောင့် ရေဘေးအန္တရာယ်စိုးရိမ်ရသဖြင့် အဆိုပါဧရိယာရှိ ပြည်သူ ၄၂၀၀ ကို ပြောင်းရွှေ့ပေးခဲ့သည်။ **(ဘီဘီစီ)**

အကြမ်းဖက်မှုကြောင့် ကာဒစ်လူမျိုးစုများ နေအိမ်များကို စွန့်ခွာထွက်ပြေး

ဘဂ္ဂဒက် ဩဂုတ် ၆

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ်လူမျိုးစုများသည် အကြမ်းဖက်သောင်းကျန်းနေသော အိုင်ဆစ်သူပုန်များ လက်မှလွတ်မြောက်ရန် နေအိမ်များစွန့်ခွာထွက်ပြေးကြရကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အိုင်ဆစ်စစ်သွေးကြွများက တနင်္ဂနွေနေ့တွင် အီရတ်မြောက်ပိုင်း ဆင်ဂျာမြို့ကို သိမ်းပိုက်လိုက်ပြီးနောက် အရပ်သား ၂၀၀၀၀၀ ခန့်သည် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း၊ ယင်းတို့သည် ရေဇီဒီဒေသမှ အများဆုံးဖြစ်ကြောင်း ကုလသမဂ္ဂက ပြောသည်။

အဆိုပါ အီရတ်အရပ်သားများသည် အိုင်ဆစ်သူပုန်က အီရတ်မြောက်ပိုင်းမြို့ကို သိမ်းပိုက်လိုက်ပြီးနောက် ရှာရာမြို့မှ ထွက်ပြေးလွတ်မြောက်လာခြင်းဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းထောက်က ပြောသည်။

"နေရာတိုင်းမှာ အတုံးအရုံးသေနေတဲ့သူတွေလည်း တွေ့ရတယ်။ အနက်ရောင်ဝတ်ဆင်ထားတဲ့သူတွေ အိမ်တံခါးများကို ချိုးဖျက်ဝင်ရောက်နေတာလည်း တွေ့ရတယ်" ဟု အမျိုးသမီးတစ်ဦးကပြောသည်။ "ကျွန်တော့်မိသားစုက ဆင်ဂျာတောင်တန်းကြားမှာ ပုန်းနေကြတယ်။ အဖေက အသက် ၈၀ ရှိပြီ။ သူတို့မှာ စားစရာဆိုလည်း မရှိဘူး။ ရေလည်းသောက်ဖို့မရှိပါဘူး။ ဘာဆိုဘာမှ ကိုမရှိပါဘူး။ စိတ်ဆင်းရဲလှပါပြီ။ ဒီအထဲ နိုင်ငံတကာ အကူအညီကလည်း ဘာမှန်းကိုမသိပါဘူး"ဟု အမျိုးသားတစ်ဦးက ငိုကြွေးလျက် ပြောဆိုသည်။

အဆိုပါ ဆင်ဂျာတောင်တန်းများအကြား စစ်သွေးကြွများ၏ ရန်ကိုကြောက်လန့်၍ ပုန်းခိုနေရသူပေါင်း ၃၅၀၀၀ မှ ၅၀၀၀၀ ခန့်ရှိသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးကပြောသည်။ ယင်းတို့အား အဆိုပါတောင်တန်းများအကြား နေရာကိုးနေရာတွင် ဖြန့်ကြက်နေရာချထားသည်ဟု ဆိုသည်။

စစ်သွေးကြွများသည် ဆင်ဂျာတောင်တန်းသို့ တက်ရောက်ရာ အဓိကလမ်းနှစ်လမ်းကို ထိန်းချုပ်ထားပြီး လမ်းတစ်လျှောက် ဆင်ဂျာမြို့ကို ဆင်းလာသူများအား တိုက်ခိုက်သတ်ဖြတ်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်နှင့် မိုင်းဆတ်နယ်မြေတွင် မူးယစ်ဆေးဝါးအမြောက်အမြားနှင့် လက်နက်/ခဲယမ်းများဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်နှင့် မိုင်းဆတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲပြီး ဇူလိုင် ၁၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စီမံချက်အရ တာချီလိတ် အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက်တွင် တာချီလိတ်မြို့နယ် မိုင်းယန်းအုပ်စု ပန်ကူ(အောက်)ကျေးရွာအနီးတွင် မိုင်းဆတ်မှ တာချီလိတ်ဘက်သို့ ကျကွင်းဆိုသူ မောင်းနှင်ပြီး ကျဘိုနှင့်နန်းစံခမ်းတို့လိုက်ပါလာသည့် VIGO အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ၄၀၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်နှစ်ခုနှင့် ၄င်းကျည် ၁၄ တောင့်၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ထိုင်းနိုင်ငံသုံးဘတ် ငွေ ၆ ဒသမ ၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ကြသည်။ ဆက်လက်ပြီး ကျကွင်းဆိုသူနေထိုင်ရာ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်မှ ဘိန်းဖြူဘလောက်တုံးတစ်တုံးနှင့် အမေရိကန်ဒေါ်လာ ၁၁၀၀၀ တို့ကို ထပ်မံသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၈ ရက်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဆိတ်ခြံအခြေစိုက်တပ်စခန်းကုန်းအနီးတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ အားဘီဆိုသူမောင်းနှင်ပြီး အားဖာလိုက်ပါလာသည့် VIGO အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူဘလောက်တုံး ၄၀၄ တုံး၊ M-22 သေနတ်နှစ်လက်၊ ၎င်းကျည် ၂၁၇ တောင့်၊ ကျည်အိမ် ၈ ခု၊ M-16သေနတ် နှစ်လက်၊ ၎င်းကျည် ၂၅၆ တောင့်၊ ကျည်အိမ် ၁၃ခု၊ ပစ္စတိုနှစ်လက်၊ ၎င်းကျည် ၃၃ တောင့်၊ ကျည်အိမ်သုံးခု၊ လက်ပစ်ဗုံးသုံးလုံး၊ စကားပြောစက်သုံးလုံး၊ လက်ကိုင်ဖုန်းသုံးလုံးနှင့် ထိုင်းဘတ်ငွေ ၃၁၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်စပ်ဖော်ထုတ် သတင်းများအရ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက်တွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းကျေးရွာအုပ်စု မအို့ကျေးရွာရှိ စုမ်မွန်းဆိုသူပိုင်ဆိုင်သည့် ပြည့်စုံဝင်းသောက်ရေသန့်စက်ရုံအတွင်း ဝင်ရောက်ရှာဖွေရာ ပိုင်ရှင်မှာထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းခြံဝင်းဂိုဒေါင်အတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အီသိုင်းအီသာဓာတုဆေးရည် ၄၁၁၆၄ ဒသမ ၀၃ လီတာကို ၅၀ ဂါလန်ဝင် ပလတ်စတစ်ပီပါ ၁၇၇ လုံးအတွင်း ထည့်လျက် တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ နယ်မြေခံတပ်မတော်သားများသည် မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာ အနီးတစ်ဝိုက်နယ်မြေရှင်းလင်းစဉ် ဩဂုတ် ၁ ရက်တွင် ဟွေမီး(၁)ကျေးရွာအနီး၌ မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာဟောင်းတစ်ခုကိုတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြားချက်လုပ်ရာတွင် အသုံးပြုသည့် ကဖင်းအမျိုးအစားဓာတုဆေးမှုန့် ၆၀ ကီလို၊ အရောင်တင်ဆေးမှုန့် ၁၉၇ ထုပ်၊ WY စာ တန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား ရေတွက်သည့် ပုံစံခွက်ငါးခု၊ ဖောက်စက်တစ်လုံး၊ မီးစက်ခုနစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃ ရက်တွင် နယ်မြေခံတပ်မတော်သားများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် မြေအောက်တွင် ဝှက်ထားသည့် စတီးလ်ပေါင်းအိုးသုံးလုံးအားလည်းကောင်း၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် မီးစက်အသေးနှစ်လုံး၊ စတီးလ်ပေါင်းအိုးတစ်လုံး၊ ပီပါခုနစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စီမံချက်စတင် သည့် ဇူလိုင် ၁၄ ရက် မှ ဩဂုတ် ၄ ရက်အထိ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူဘလောက်တုံး ၄၄၅ တုံး (အလေးချိန် ၁၅၅ ဒသမ ၇၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁၆ ပြား၊ အိုက်စ် ၀ ဒသမ ၅၀၅ ကီလို၊ ကဖင်း ၆၀ ကီလို၊ အီသိုင်းအီသာဓာတု ဆေးရည် ၄၁၁၆၄ ဒသမ ၀၃ လစ်တာ၊ လက်နက်မျိုးစုံခုနစ်လက်၊ ခဲယမ်းမျိုးစုံအတောင့် ၅၂၀၊ ကျည်အိမ် ၂၆ ခု၊ လက်ပစ်ဗုံးသုံးလုံး၊ ဆက်သွယ်ရေးစက်သုံးလုံး၊မူးယစ် ဆေးဝါးတန်ဖိုး ငွေကျပ် ၂၉၈၇၁ ဒသမ ၂၁၂ သိန်းတို့ကို တရားခံ ၁၄ ဦးတို့နှင့်အတူ ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်ရဲတပ်ဖွဲ့ဝင်တို့၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ ပံ့ပိုးကူညီမှုများကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ဆိတ်ခြံအခြေစိုက်တပ်စခန်းကုန်းအနီးတွင် အားဘီနှင့် အားဖာတို့အား ဖမ်းဆီးရမိ၍ ဘိန်းဖြူဘလောက်တုံး ၄၀၄ တုံး၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။



တာချီလိတ်မြို့နယ် မိုင်းယန်းအုပ်စု ပန်ကူ(အောက်)ကျေးရွာနှင့် ကျောက်လိုဏ်ဂူရှေ့တန်းတပ်စခန်းအကြားတံတားအနီးတွင် ကျကွင်း၊ ကျဘိုနှင့် နန်းစံခမ်းတို့အား ဖမ်းဆီးရမိ၍ ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဘိန်းဖြူအလေးချိန် ၂၈ ဂရမ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၆

ဩဂုတ် ၄ ရက် ည ၇ နာရီခွဲခန့်တွင် လားရှိုးအမှတ်(၂၄) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ အဝင် ဟိုပိတ်အေးရှားဝေါလ် တိုးဂိတ်အနီးတွင် ကွတ်ခိုင်မှ လားရှိုးဘက်သို့ ကျော်ဆန်းလှိုင် မောင်းနှင်ပြီး စံမြတ် စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ကျော်ဆန်းလှိုင်ဝတ်ဆင်ထားသည့် ဆိုင်ကယ်စီးရင်ကာအင်္ကျီအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်နှစ်ခွက်၊ အလေးချိန် ၂၈ ဂရမ်၊ ဒေသတန်ဖိုးငွေကျပ် ၅၃၂၀၀၀ ကိုရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ကျော်ဆန်းလှိုင်ကို စစ်ဆေးချက်အရ ဖမ်းဆီးရမိဘိန်းဖြူများမှာ နမ့်ခမ်းမြို့နေ လီဆန်ထံမှ ငွေကျပ်လေးသိန်းဖြင့် သုံးစွဲရောင်းချရန် ဝယ်ယူခဲ့ကြောင်း သိရှိရပြီး တရားခံစံမြတ်အား စစ်ဆေးချက်အရ ဖမ်းဆီးရမိဘိန်းဖြူများမှာ ကျော်ဆန်းလှိုင်၏ ပစ္စည်းများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် အမှုမှကျော်ဆန်းလှိုင်နှင့် စံမြတ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မောင်တောမြို့နယ်တွင် ငါးဖမ်းစက်လှေပေါ်မှ တန်ဖိုးငွေကျပ်သိန်း ၅၈၀၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀၀ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၆

ဩဂုတ် ၄ ရက် နံနက် ၇ နာရီက မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအုပ်စု ဗျူဟာကုန်းကျေးရွာ အနောက်ဘက်ပင်လယ်ကမ်းခြေတွင် စက်လှေတစ်စင်း စက်ချွတ်ယွင်းပြီးသောင်တင်နေကြောင်း သတင်းအရ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအလံ လွှင့်ထူထားသည့် ငါးဖမ်းစက်လှေ၏ ဝမ်းဗိုက်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၅၈၀၀ အလေးချိန် ၃၉၀ ဂရမ်၊ တန်ဖိုးငွေကျပ် ၇၈ သိန်း နန်းတော်တံဆိပ်အရက်ပုလင်း ပါကင် ၈၀ နှင့် ဒိုင်ယာဘလိုတံဆိပ် ဘီယာဘူး ၁၀၈၀ ဘူးတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားရှိပြီး နန်းတော်တံဆိပ်ပါအရက်နှင့် ဒိုင်ယာဘလိုတံဆိပ်ပါ ဘီယာဘူးများအား မောင်တောမြို့ အကောက်ခွန်ဦးစီးဌာနသို့ ဆက်လက်လွှဲပြောင်း အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်းနှင့် ပိုင်ရှင်ကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ကျန်းမာပြည့်ဝ ဘဝသုခ၊ မူးယစ်ဆေးဆို ကင်းစင်မှ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဥဗ္ဗနာ ၆လမ်း၊ အမှတ် ၃၃၂ဟုခေါ်တွင်သော ဒေါ်ရင်အမည်ပေါက်မြေကွက်ကြီးမှ အလျား×အနံ ပေ(၂၀×၆၀)ရှိ မြေအစိတ်အပိုင်းနှင့် ၎င်းမြေပေါ်ရှိ အိမ်အပါအဝင် ရေ၊လျှပ်စစ်မီတာအကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံသည့် ဦးကြည်ဝင်း ၁၂/ဥကမ(နိုင်)၁၀၇၂၈၀ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အိမ်၊ ခြံမြေအကျိုးခံစားခွင့်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မှန်ကန်ခိုင်လုံသောတရားဝင်အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေ ထံတွင်ဖြစ်စေ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အတိအလင်းလွှဲအပ်ညွှန်ကြားချက်အရ-

ဦးယဉ်ထွန်း LL.B, LL.M (စဉ်-၂၄၇၃၆)

ဒေါ်မျိုးကေသွယ် LL.B, LL.M, D.M.L (စဉ်-၂၄၄၉၆)

အထက်တန်းရှေ့နေများ

ရုံးခန်း-မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ ခေမာသီလမ်းမကြီး၊

ဖုန်း-၀၉-၄၂၁၁၀၂၅၆၄၊ ၀၉-၂၅၀၆၇၃၀၁၄

ဖခင်အမည်မှန်

မူဆယ်မြို့ အ.မ.က (၃) မူလွန်ကျောင်း၊ စတုတ္ထတန်းမှ မစုနဒီမောင်နှင့် ပဉ္စမတန်းမှ မောင်မျိုးမင်းဦးတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းထွေး TGI-086393 ဖြစ်ပါကြောင်း။

ဦးဝင်းမင်းထွေး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်တောလမ်း၊ အမှတ် (၉)၊ မြေညီ(A)၊ အကျယ်ပေ(၁၄×၄၅) အမြင့် ၁၇ ပေရှိ တိုက်ခန်းပိုင်ရှင် ဒေါ်ညွန့်ရီ ၁၂/ကမရ(နိုင်) ၀၅၃၂၆၂ အမည်ပေါက် သား ဦးမင်းမောင် ၁၂/ဒဂတ(နိုင်) ၀၂၁၇၆၇ (ကွယ်လွန်)ထံမှ ၃-၈-၂၀၁၄ ရက်တွင် ကျွန်မဒေါ်အေးမူ ၆/ထဝန(နိုင်)၀၃၃၃၅၃ သည် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးမူ

၆/ထဝန(နိုင်) ၀၃၃၃၅၃

ဖုန်း-၀၉-၅၄၀၈၂၂၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ချင်းပြည်နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဟားခါးမြို့နယ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပြည်နယ်ဦးစီးမှူးရုံးအဆောက်အအုံ (50'x66'9"x11'h)RC တစ်ထပ် (ရေ၊ မီးအပါ)

(ခ) ဝန်ထမ်းအိမ်ရာ (25'x102'x18'h)RC လေးခန်းတွဲ နှစ်ထပ် (ရေ၊ မီးအပါ)

၂။ (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၅-၈-၂၀၁၄ ရက် (ရုံးချိန်)

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃-၉-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

(ဂ) **တင်ဒါပေးသွင်းမည့်နေရာ** - ပြည်နယ်ဦးစီးမှူးရုံး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၂၄၂၀

ဦးကျော်လွင်၊ ဒေါ်အုန်းကြည် နှင့်အများသိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နီလာဝင်း (LL.B,D.BL) စဉ်-[illegible]

ဒေါ်ခိုင်ကြည်မေ[illegible] (LL.B) စဉ်-[illegible]

ဒေါ်ခေမာ[illegible] (LL.B) စဉ်-[illegible]

(တရားလွှတ်တော်ရှေ့နေ) (အထက်တန်းရှေ့နေများ)

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဇဟန်းမြို့နယ်၊ ဆရာစံမြောက်/ အရှေ့ရပ်ကွက်၊ အမှတ် (၉)၊ အရှေ့မြို့ပတ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅စီ၊ ဂျီ)၊ မြေကွက်အမှတ် ၁၀၀၆ မြေကွက်အား ဦးအုန်းကျော် ၁၂/ ဇဟန(နိုင်)၀၄၃၂၁၈မှ မြေချပါမစ်လျှောက်ထားလာရာ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

တိုက်ခန်းအမြန်ရောင်းမည်

မင်္ဂလာဈေးအနီး

ပထမထပ် (15'၊ 40')

(သိန်း -၃၆၀)

ဖုန်း-၃၁၀၄၁၄၀၀

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သိန်းစိုးအောင် ၁၃/တကန(နိုင်)၀၇၉၃၈၄ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၀၃၇၇၀၃၁

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အဝေးပြေးလမ်းမကြီး ယာဉ်မောင်းများ အထူးအရေးကြီး

သန်းထွန်း (နန်းရှေ့)

ရန်ကုန်နှင့် မန္တလေးအကြား ၃၆၆ မိုင်ကျော်ရှိသော တိုက်ရိုက်သွားအဝေးပြေးလမ်းမကြီး (Express way)ကို နိုင်ငံတော်အစိုးရက ရှိသည့်ငွေကြေး၊ ရှိသည့်နည်းပညာဖြင့် ပြည်သူများ မြန်မြန်ဆန်ဆန်သက်သက်သာသာ သွားလာနိုင်ရန်၊ ရည်ရွယ်ချက်မျိုးစုံဖြင့် ဖောက်လုပ်ပြေးဆွဲစေခဲ့ပါသည်။ ရှစ်လမ်းသွားအဆင့် မရောက်သေးမီ၊ လေးလမ်းသွားအဆင့်တွင်ပင် အများပြည်သူသွားလာနိုင်ရန် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ရှစ်လမ်းသွားစင်းလုံးချော မပြီးသေး၍ ကီလိုမီတာ ၁၀၀ နှင့်အထက်မောင်းလျှင် အသက်အန္တရာယ်ရှိနိုင်သည်ဟု ကြိုတင်ရေးသားဖော်ပြထားပါသည်။ ထိုသို့ ရေးထားသည့်ကြားက ကားမျိုးစုံကီလိုမီတာ ၁၀၀ ကျော် မောင်းနေကြသူများသာ တိမ်းမှောက်သေကျေကြမှုကို သိစေလို၍ ဤဆောင်းပါးကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။

စာဖတ်သူများအနေဖြင့် သုံးသပ်နိုင်ရန် ကိန်းဂဏန်းဖြင့် ဖော်ပြမှုအားစိတ်ဝင်စားသူများရှိနိုင်သလို ကိန်းဂဏန်းများကြောင့် စာလေးသွားမည်စိုးရိမ်သဖြင့် ကာလ နှစ်ပိုင်းအတွက် မပါမဖြစ်လောက်သာ ဖော်ပြလိုပါသည်။ ၂၀၁၃ တစ်နှစ်လုံး ၄င်းလမ်းမကြီးပေါ်တွင် ယာဉ်မျိုးစုံ ၃၇ ဒသမ ၇ သန်းခန့် ဖြတ်သန်းသွားလာရာ ၄င်းနှစ်အတွင်းယာဉ်မတော်တဆမှု (၂၅၉) ကြိမ်ဖြစ်ပွားခဲ့ပါသည်။ ဧပြီ၊ မေ၊ ဇူလိုင်၊ ဩဂုတ်တွင် အဖြစ်များပါသည်။ သွားသည့်ယာဉ်နှင့် ဖြစ်ပွားမှုအကြိမ်ကို ရာနှုန်းတွက်သော် တစ်နှစ်အတွင်း သွားသမျှယာဉ်အားလုံး၏ ဒသမ ၀၀၆ ရာနှုန်းသာ ယာဉ်မတော်တဆ ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ လမ်းမကြီးမှာ တိုင်းဒေသကြီးလေးခုကို ဖြတ်ဖောက်ထားရာ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီးအပိုင်းထဲတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။ ၄င်းမတော်တဆမှု (၂၅၉) ကြိမ်ထဲတွင် အသက် ၂၆ နှစ်နှင့် ၃၉ နှစ်ကြား ယာဉ်မောင်းများကြောင့် (၁၁၄) ကြိမ်၊ အသက် ၄၀ နှင့် ၆၅ နှစ်များကြောင့် (၆၅) ကြိမ်နှုန်း ဖြစ်ပွားခဲ့ပါသည်။ ကျန်အသက်အပိုင်းအခြားကြောင့် ဖြစ်ပွားမှုနည်းပါးပါသည်။

ဖြစ်ပွားမှု (၂၅၉) ကြိမ်အနက် ကိုယ်ပိုင်ယာဉ် ၆၂ ရာနှုန်းနှင့် အများသုံးယာဉ် ၃၈ ရာနှုန်းသာ ပါဝင်ပါသည်။ ၄င်းအထဲတွင် ဗင်ဆလွန်း ၈၆ စီး၊ ဆဖ်ပရာဒို ၄၆ စီး၊ လိုက်ထရပ် ၄၄ စီး၊ မှန်လုံကားကြီး ၃၃ စီး၊ ဆူပါကာစတန်နှင့် ဟိုက်အေ့စ် ၁၃ စီးပါဝင်ပြီး ကျန်အခြားယာဉ်အမျိုးအစားများဖြစ်ကြသဖြင့် ယာဉ်မောင်းသူတိုင်း မိမိတို့မောင်းနေသော ကားအပေါ် သုံးသပ်နိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ ရှိန်နှုန်းမြင့်မောင်းခြင်းနှင့် တာယာပွင့်ထွက်ခြင်းကြောင့် ယာဉ်မတော်တဆမှု (၂၀၇) ကြိမ်ဖြစ်ပွားခဲ့ပါသည်။ (၃၄) ကြိမ်မှာ ယာဉ် နှစ်စီးတိုက်မိခြင်း၊ (၂၂) ကြိမ်မှာ ယာဉ်နှင့်လူတိုက်မိခြင်းဖြစ်ပါသည်။ ကျန်ဖြစ်ပွားမှုအမျိုးအစား နည်းပါးကြပါသည်။

ယခု ၂၀၁၄ နှစ်ဝက်ကာလတွင် နှစ်သစ်အစမှ ယခုလ ၄ ရက်နေ့အထိ အဝေးပြေးလမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှု (၂၀၈) ကြိမ်ဖြစ်ပွားခဲ့ပါသည်။ လူကြောင့် ၁၃၂ မှု၊ ယာဉ်ကြောင့် ၇၃ မှု၊ လမ်းကြောင့် ၁ မှု၊ ရာသီကြောင့် နှစ်မှု ပါဝင်ခဲ့ပါသည်။ လူကြောင့်ထဲတွင် အရှိန်ပြင်း (၄၆) ကြိမ်၊ မဆင်မခြင်မောင်း (၃၆) ကြိမ်၊ ဆိုင်ကယ်တိုက်မှု (၁၉) ကြိမ်ပါဝင်ခဲ့ပါသည်။ ယာဉ်အပိုင်းတွင် ဘီးပေါက်ကွဲ (၆၂) ကြိမ်ပါဝင်ပါသည်။ ၂၀၁၃ တစ်နှစ်လုံးတွင်လည်း (၂၅၉) ကြိမ်အနက် ၇၀ ရာနှုန်းမှာ လူကြောင့်သာဖြစ်ခဲ့ရပါသည်။ မတော်တဆမှုဖြစ်စေသော အကြောင်း လေးချက်ရှိပါသည်။ လူကြောင့်၊ လမ်းကြောင့်၊ ယာဉ်ကြောင့်၊ ဥတုရာသီကြောင့်ဖြစ်ရာ ယခု နှစ်နှစ်စာ ဖော်ပြချက်အရ လူကြောင့်သာအများဆုံးဖြစ်ရပါသည်။ မကြာခဏ ဖော်ပြနေသော "သေမင်းတမန် လမ်းမကြီး၊ မပြန်လမ်းကြီး" စသည်အရေးအသားများအပေါ်တွင် လမ်းကြောင့်မဟုတ်ကြောင်း အမြင်ရှင်းကြစေလို၍ ဤသို့ ရေးသားဖော်ပြရခြင်းဖြစ်ပါသည်။ အဝေးပြေးလမ်းမကြီးပေါ်တွင် ၂၀၁၃ နှင့် ၂၀၁၄ ပထမ ငါးလ (ဇန်နဝါရီလမှ မေလကုန်)ထိ ကာလတူ ငါးလ နှိုင်းယှဉ်သည့်အခါတွင်လည်း ၂၀၁၃ တွင် ယာဉ်တိုက်မှု (၁၀၈) ကြိမ်၊ ၂၀၁၄ တွင် (၂၀၇) ကြိမ်ဖြစ်ပွားပါသည်။ ယာဉ်များလာခြင်း၊ အသွားများခြင်းကြောင့်ဟု လွယ်လွယ်ပြောနိုင်သော်လည်း အဓိကယာဉ်မောင်းများအားလုံး ပေ့ါပေ့ါဆဆမောင်းနှင်မှု၊ အိမ်စီးကားများတွင်လိုက်ပါသော မိသားစုများမှ ဝိုင်းဝန်းသတိမရှိမှု၊ အငှားယာဉ်များတွင် ယာဉ်မောင်းများအရည်အသွေး မပြည့်ဝမှု၊ ထိုက်ထိုက်တန်တန်ယာဉ်မောင်းကိုမငှားဘဲ ပေါချောင်ကောင်း ငှားရမ်းမောင်းနှင်နေမှုကြောင့်ဟု သုံးသပ်ရပါမည်။ အမှန်ဝန်ခံရသော် ၂၀၀၉ ခုနှစ် ဤလမ်းမကြီးပေါ်လာမှ သူသူကိုယ်ကိုယ် ကီလိုမီတာ ၁၀၀ နှင့်အထက် မောင်းနှင်ခွင့်ရကြခြင်း ဖြစ်ပါသည်။ အိမ်စီးကားတွေပေါ်များလာခြင်း၊ မိမိကားလေးကိုယ်အသစ်စက်စက်ဟု ထင်နေခြင်း၊ လေအိတ်ကားများမှာလည်း အဆင့်မြင့်မြင့်လာသည်နှင့်အမျှ ရှိန်နှုန်းမြင့်မြင့်ပိုမိုမောင်းလာကြခြင်း၊ လိုက်ထရပ်ကားတွေလည်း အားကျမခံ ကီလိုမီတာ ၁၀၀ နီးပါးထိမောင်းနေကြခြင်း၊ အဝေးပြေးလမ်းမကြီးဆိုင်ရာ မောင်းနှင်သွားလာမှုတွင် အများသူငါမှာ မယဉ်ပါးမကျွမ်းကျင်ကြသေးဘဲ၊ အတွေ့အကြုံ မရင့်ကျက်သေးဘဲ မောင်းခွင့်ရတိုင်း မဆင်မခြင်မောင်းမှုကြောင့် ဤသို့ ဖြစ်စဉ် မလျော့ခြင်းဟု တွက်ဆနိုင်ပါသည်။ အချိန်တိုင်းကိရိယာ Red Flex ဖြင့် အရှိန်လွန်မောင်းနှင်မှုတားဆီးခြင်းကို အမြန်လမ်း ရဲတပ်ဖွဲ့က ဆောင်ရွက်နေရာ ယခုနှစ်စမှ ဇွန် ၄ ရက်အထိ ၆၁၅ မှုရှိခဲ့ပါသည်။ ၅၃၈ မှု စွဲတင်ပြီးဖြစ်ပါသည်။ ယခုနှစ် ငါးလကျော်အတွင်း ယာဉ်မတော်တဆ ၂၀၈ မှုဖြစ်သည့်အတွက် ၈၉ ဦးသေဆုံးပြီး ၄၁၂ ဦးဒဏ်ရာရရှိပါသည်။ ၄င်းဖြစ်စဉ်များကြောင့် ယာဉ်များပျက်စီးမှုတန်ဖိုးမှာ ငွေကျပ် ၄၁၉ သန်းခန့်ရှိပြီး လမ်းပျက်စီးမှုမှာ ငွေကျပ် ၁၁ သန်းကျော်ရှိပါသည်။ အဘက်ဘက်က နစ်နာကြရကြောင်း ယာဉ်မောင်းတိုင်း သတိချပ်သင့်ပါသည်။

ယာဉ်မောင်းသူတိုင်း မိမိကားအကြောင်းမိမိ သိဖို့လိုပါမည်။ ယာဉ်မောင်းကျွမ်းပင်ကျွမ်းသော်လည်း အကျင့်ဆိုး၊ စရိုက်ဆိုး၊ ဝသီဆိုးများဖြင့် မောင်းလျှင် ဘေးထွက်ဆိုးကျိုးမှုချကြုံရပါမည်။ သောက်သောက်စားစားမောင်းခြင်း၊ ယာဉ်ကို ကျော်တက်ခံနေသည့်အချိန်တွင် ရှိန်နှုန်းနင်းမြှင့်ထားပြီး တစ်ဖက်ယာဉ်ကိုကျော်တက်စေခြင်း၊ အရှိန်၊ အချိန်၊ ငွေကြေးလောဘဇောဖြင့်မောင်းခြင်း၊ မောင်းနှင်နေစဉ် တွေဝေငိုက်မျဉ်းလေ့ရှိခြင်းများကြောင့် ယာဉ်ပိုင်၊ အသင်းပိုင်များက မိမိယာဉ်မောင်းအကြောင်း အူမချေးခါး ကြိုတင်သိထားသင့်ပါသည်။ လိုင်းဝင်ကြေး၊ ခေါက်ကြေး၊ ဂိတ်ထွက်ကြေးရ ပြီးရောဆိုပြီး သာယာနေရင် ၄င်းတို့၏ ထောင်ချီတန်သောယာဉ်များ၊ သိန်းရာဆယ်ပေးတာတောင် ဝယ်သူမရှိတော့မည့် ပျက်စီးယာဉ်ဘဝကို တစ်နေ့နေ့မှာရောက်ရတတ်ပါသည်။ လောဘနောက်မှာ သောကရှိပါသည်။ ယာဉ်မောင်းသည် မိမိမောင်းနှင်သည့် ယာဉ်အပေါ်မူတည်ပြီး သင့်တင့်သည့် အရှိန်ဖြင့်သာ အချိန်ကို တွက်ချက်ပြီး မှန်မှန်မောင်းနှင်သင့်ကြပါသည်။

၂၀၁၃ ခုနှစ် ယာဉ်မတော်တဆမှု ၂၅၉ မှုတွင် အငှားယာဉ်၊ မှန်လုံ ၃၃ စီးနှင့် ကျန် ၂၂၆ စီးမှာ အိမ်စီးကားငယ်များသာ ဖြစ်ပါသည်။ ယခုနှစ် ငါးလကျော်အတွင်း ဖြစ်ပွားသော ၂၀၈ မှုအနက် အငှားမှန်လုံယာဉ် ၂၅ စီးသာပါပြီး ကျန် ၁၈၃ စီးမှာကားငယ်များသာ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၄င်းယာဉ်မတော်တဆမှုတွင် အိမ်စီးကားယာဉ်ငယ်များမှာ အငှားမှန်လုံယာဉ်ကြီးများထက် ပိုမိုအဖြစ်များနေပါသည်။ ၄င်းအပြင် လိုက်ထရပ်ယာဉ်သည် အစုံသုံးကားဖြစ်နေ၍ အဝယ်အစီးများပါသည်။ ထရပ်ကားသည် ထရပ်ကားလောက်ပဲ မောင်းမှရပါမည်။ သို့သော် အမြန်နှုန်းမြှင့်မောင်းနေကြပါသည်။ ၂၀၁၃ တစ်နှစ်လုံးတွင် လိုက်ထရပ်ကား ၃၉ စီး၊ ယခု ငါးလကျော်တွင် ၂၈ စီးတိမ်းမှောက်သဖြင့် နောင်တွင် လိုက်ထရပ်သည် ကီလိုမီတာ ၆၀ ထက် ပိုမမောင်းသင့်တော့ကြောင်း အကြံပြုလိုပါသည်။ ဖြစ်ပွားသော အိမ်စီးကားများအနက် ယခုနှစ် ငါးလကျော် ဖြစ်စဉ် (၂၀၈) ကြိမ်တွင်လည်း ကိုရိုလာဗင် (၁၈) ကြိမ်၊ ဆပ်ဖ် (၁၀) ကြိမ်၊ မတ်တူးပရာဒို (၇) ကြိမ်၊ ပရိုဘောက်စ် (၆) ကြိမ်၊ ပါဂျဲရိုး၊ ဟိုင်းလပ်၊ ဟွန်ဒါဖစ်၊ စတေရှင်ဝက်ဂွန် (၅) ကြိမ်စီ၊ စူပါရှစ်၊ စူပါကာစတန် (၄) ကြိမ်စီ၊ ကျန်အမည်များ (၄) ကြိမ်နှင့် (၁) ကြိမ်ကြား မျိုးစုံပါဝင်ကြသည်။

> မြို့နယ် ၁၅ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီး ဖြစ်သဖြင့် ၄င်းနေရာတွင် အမြန်လမ်း ရဲတပ်ဖွဲ့ မြို့နယ်အဆင့် ရဲစခန်း ၁၅ ခုရှိပါသည်။ ကြားတွင်လည်း ရဲကင်း၊ စခန်းများရှိပါသည်။ Toll ဂိတ် ငါးခုတို့တွင်လည်း ....

စာရေးသူတို့ငယ်စဉ်က စီးခဲ့ဖူးသော ဘတ်စ်ကားများတွင် ယာဉ်မောင်းသူ ရှေ့၌ "သင့်အိမ်အပြန်ကို သင့်မိသားစုမျှော်လင့်စောင့်စားလျက်ရှိပါသည်" ဟူသည့် စာတန်းလေးရေးထားပါသည်။ "Life is a journey, Complete it" နှင့် "Always alertavert accident" စသည့် ပညာပေးဆိုင်းဘုတ်များ အမြန်လမ်းကြီးဝဲယာတွင် စိုက်ထူထားပါသည်။ ခရီးသွားသူတိုင်း၊ ယာဉ်တိုင်း၊ ယာဉ်မောင်းတိုင်း ခရီးအစမှအဆုံး ချောချောမောမောရောက်စေချင်ပါသည်။ ယာဉ်ပိုင်သူရော၊ စီးသူရော၊ မောင်းသူပါ ရန်ဘေးကင်းအောင် ပူးပေါင်းပါဝင်ကြရပါမည်။

ယာဉ်မောင်းတိုင်းသည် သွက်လက်တက်ကြွပြီး ဖျတ်လတ်နိုးကြားနေရန်အတွက် မမောင်းမီအိပ်ရေးဝဝ အိပ်စက်ထားရပါမည်။ နေ့မောင်းမည်ဆိုလျှင် ညဝအောင်အိပ်ပြီး ညမောင်းတော့မည်ဆိုလျှင် နေ့ဝအောင် အိပ်ထားရပါမည်။ အိပ်ရေးဝဝနှင့် တက်မောင်းလျှင် ယာဉ်မတော်တဆဖြစ်မှု ရှောင်လွှဲရာရောက်ပါမည်။ ကားဂိတ်၊ ကားပိုင်၊ ယာဉ်လိုင်းပိုင်ရှင်များက ၄င်းကားများဆိုက်ရောက်လာလျှင် ပြန်မထွက်မီ ယာဉ်မောင်းများ နားနေအိပ်စက်နိုင်အောင် စီစဉ်ထိန်းသိမ်းစောင့်ရှောက်ပေးကြရပါမည်။ နားရအိပ်ရမည့်အချိန်တွင် မအိပ်ဘဲ လောင်းကစားနှင့် အပျော်အပါးလိုက်စားခြင်း၊ စီးပွားရေး၊ မိသားစုကိစ္စ လိုက်လုပ်နေလျှင် တကယ်မောင်းသည့်အခါ သေချာပေါက်ငိုက်ပါတော့မည်။ ကီလိုမီတာ ၁၀၀ ထိမောင်းလျှင်ပင် တစ်စက္ကန့် ၈၈ ပေနှုန်းဖြင့် တစ်မိနစ်လျှင် တစ်မိုင်ပြေးပါသည်။ ဤနှုန်းကိုသိထားပါက ကားထဲမှ ခရီးသည်လမ်းဘေးမိုင်တိုင်ကိုကြည့်ပြီး ယာဉ်မောင်းဘယ်နှုန်းနှင့်မောင်းနေကြောင်း ခန့်မှန်းနိုင်ပါသည်။ ကီလိုမီတာ ၁၀၀ထက်ကျော်နေပါက သတိပေးရပါမည်။ မြန်နှုန်းမြင့်မောင်းနေစဉ် တစ်ချက်ငိုက်သည်နှင့် ကားက ဘေးကိုဆွဲချသွားပြီး ရုတ်တရက် ဘရိတ်နင်းသည့်တိုင်အောင် မောင်းထားသည့်အရှိန်ပါလာသည့် အလေးချိန်ကြောင့် ဘရိတ်စနင်းသည့်နေရာမှ နောက်ထပ်ပေတစ်ရာကျော်နှစ်ရာရောက်မှ ယာဉ်ရပ်နိုင်မည်ကို သဘောပေါက်သင့်ပါသည်။

၂၀၁၁ နှင့် ၂၀၁၄ အကြား လေအိတ်ယာဉ်ကြီးဖြစ်စဉ် ငါးခုရှိပါသည်။ ခရီးသည်အနည်းဆုံး လေးငါးဦးမှ ၁၄ ဦးအထိ သေဆုံးခဲ့ရပါသည်။ ယာဉ်မောင်းများ ဒက်ရှ်ဘုဒ်ပေါ်မှ မော်နီတာတီဗွီဇာတ်လမ်းကြည့်မောင်းခြင်း၊ ရှိန်နှုန်းမြင့်မောင်းနှင်နေစဉ် ကွမ်းတံတွေးထွေးခြင်း၊ ကွမ်းထုပ်လှင့်ပစ်ခြင်း၊ ယာဉ်မောင်းချင်း လူလဲ၍ မောင်းနှင်စဉ်တွင် အိပ်ချင်းမူးတူးဖြစ်ပြီး နင်းဖိမောင်းသဖြင့် ယာဉ်ကိုမထိန်းသိမ်းနိုင်ခြင်း၊ တစ်လမ်းလုံးယာဉ်ပျက်၍ ပြုပြင်ရာမှ လင့်ခဲ့သည့်အချိန်ကို ကာမိစေရန် ကီလိုမီတာ ၁၀၀ ကျော်ဆက်တိုက်မောင်းခြင်း၊ ယာဉ်ကြော နှစ်ကြောအနက် ညာကြောမှယူ၍ မောင်းရမည့်အစား ဘယ်ယာဉ်ကြောမှ အမြဲမောင်းနေသဖြင့် ဖြစ်လျှင်ဖြစ်ချင်း ဘယ်ဘက်လမ်းလယ်ကျွန်းနှင့်ကာရံထားသည့် ကွန်ကရစ်တုံးများနှင့် တိုက်မိခြင်းကြောင့် ယာဉ်မထိန်းနိုင်တော့ခြင်းများကြောင့် တိမ်းမှောက်ကြရခြင်းဖြစ်ပါသည်။ ၄င်း ငါးကြိမ်အနက် မှောင်မှောင်မည်းမည်း မိုးမလင်းမီ နံနက် ၂ နာရီနှင့် ၄ နာရီကြား လေးကြိမ်ဖြစ်ပြီး မြင်မြင်ထင်ထင် ညနေ ၆ နာရီကျော်မှာ ဖြစ်သည့်လ တစ်ကြိမ်သာရှိပါသည်။ သို့ပါ၍ ကားသမားအိပ်မငိုက်အောင် နံနက် ၂ နာရီနှင့် ၄ နာရီအကြား သင့်ရာနေရာမှာ ကားကိုရပ်ဖြစ်အောင် ရပ်ပြီး ခရီးသည်နှင့် ယာဉ်မောင်းနိုးနိုးကြားကြားဖြစ်အောင် ခဏအနားပေးမှု ဆောင်ရွက်သင့်ပါသည်။

မြို့နယ် ၁၅ မြို့နယ်ကိုဖြတ်သန်းဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီးဖြစ်သဖြင့် ၄င်းနေရာတွင် အမြန်လမ်း ရဲတပ်ဖွဲ့ မြို့နယ်အဆင့် ရဲစခန်း ၁၅ ခုရှိပါသည်။ ကြားတွင်လည်း ရဲကင်း၊ စခန်းများရှိပါသည်။ Toll ဂိတ် ငါးခုတို့တွင်လည်း အမြန်လမ်းရဲတပ်ဖွဲ့မှ ဒုရဲမှူးများထားရှိပါသည်။ အကူအညီရရှိရေး၊ တိုင်တန်းသတင်းပို့ရေး ဆောင်ရွက်နိုင်ပါသည်။

ခေတ်ပေါ်စကဲန်နီယဲလ်လေအိတ်ယာဉ်မှာ အနည်းဆုံးငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ပါသည်။ နောက်လာမည့်ကားဆိုလျှင် ငွေကျပ်သိန်း ၃၄၀၀ ကျော်ထိတန်ပါမည်။ မကြာမီ ဂျာမနီနည်းပညာဖြင့် တင်သွင်းမည့်တရုတ်အဆင့်မြင့်လေအိတ်ယာဉ်သည်ပင်လျှင် ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ပါမည်။ ယာဉ်လိုင်းများအပြိုင်အဆိုင် ဝန်ဆောင်ပြေးဆွဲကြရပါသည်။ ယာဉ်ပိုင်ရှင်များသည် လက်ရှိယာဉ်ကို ရောင်းထုတ်ပြီး ၄င်းခေတ်မီအဆင့်မြင့်ယာဉ်များကို သူ့ထက်ငါ အရစ်ကျစနစ်ဖြင့် ဝယ်မောင်းနေကြရပါသည်။ ကားဖိုးကျေလိုဇောဖြင့် တစ်ရက်မျှပင် မနားကြတော့ဘဲ ညနေရောက် ညဆက်ထွက်ခြင်း၊ အခြားလိုင်းပြောင်း ခရီးစဉ်တစ်ခုကို ဆက်တိုက်ဆက်တိုက်ဆွဲကြပါသည်။ ယာဉ်မှာ ယာဉ်အသစ်များဖြစ်၍ ခံနိုင်ရည်ရှိနိုင်ပါသည်။ သို့သော် ယာဉ်မောင်း မလဲပေးဘဲ ဆက်တိုက်လောဘဖြင့် ဆက်မောင်းနေလျှင် ခရီးပန်းအိပ်ငိုက်မောင်းရာမှာ ယာဉ်မောင်းသည် လူသတ်ကောင်၊ လေအိတ်ယာဉ်ကြီးသည် လူသတ်လက်နက်အဆင့် ရောက်သွားရတတ်ပါသည်။ ယာဉ်ပိုင်ရှင်တိုင်း၊ ယာဉ်မောင်းတိုင်းဘဝနှင့် လောဘ၊ သောကကို ချိန်ဆဆောင်ရွက်သင့်ပါသည်။

ယခုအခါ ရန်ကုန်- မန္တလေးအဝေးပြေးလမ်းမကြီးကို ခြောက်လမ်းသွားဖောက်လုပ်ရေး၊ ခရီးစဉ်တစ်ခုလုံးကို သွားချိန်နားချိန်အပါအဝင် ကြာမြင့်ချိန် ၈ နာရီ ၄၅ မိနစ်ခန့်သတ်မှတ်ရေး၊ ၄င်းထက်စောဝင်လာလျှင် အရေးယူရေး၊ ယာဉ်များ ကီလိုမီတာ ၈၀ ခန့်သာမောင်းနှင်ကြစေရေး၊ လေအိတ်ယာဉ် ယာဉ်မောင်းများကို ကညနမှ ပညာပေးသင်ကြားရေး၊ ဆန်းစစ်အကဲဖြတ်ရေး၊ ယာဉ်မောင်းပညာအရည်အချင်းတိုးမြှင့်သတ်မှတ်ရေး၊ ကွန်ကရစ်ကာတုံးများအစား ထိခိုက်မှုလျော့နည်းစေသော Guardrails များ ထားရှိအသုံးပြုရေး၊ အရှိန်ထိန်းစနစ်၊ အချိန်ထိန်းစနစ် တိုးမြှင့်ကြပ်မတ်ရေးစသည်များ ဆင့်ကဲဆောင်ရွက်နေသည်ဟု သိရှိရပါသည်။

မောင်းသူ၊ စီးသူအပိုင်းတွင်မူ အသက်ဆိုသည်မှာ အပိုပါတတ်သည့် ပစ္စည်းမဟုတ်သဖြင့် အသက်ရှည်စေဖို့ ဉာဏ်ကူကြစို့ဟု ပြောလိုပါသည်။ အသိဉာဏ်ဆိုသည်မှာ အသိနှင့်ဉာဏ်ပေါင်းစပ်ပြီးဖြစ်သဖြင့် ကံတလူလူ ဖြစ်ချင်ရင် ဉာဏ်တကူကူ လုပ်ဖို့လိုပါကြောင်း သဘောပေါက်သင့်ပါသည်။ အသိနှင့်သတိပေါင်းစပ်ပြီး မောင်းပါမှ၊ စီးပါမှ အစနှင့်အဆုံးပါဝင်သော လှပသော ဘဝခရီးရှည်တစ်ခု ရောက်ရှိပြည့်စုံမည်ဖြစ်ပါကြောင်း စေတနာဖြင့် ထပ်လောင်းအကြံပြုအပ်ပါသည်။

ဘီးလင်းမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်၍ ကယ်ဆယ်ရေးစခန်းများထားရှိ

ဘီးလင်း ဩဂုတ် ၆

မွန်ပြည်နယ်နေရာအနှံ့အပြားတွင် ဩဂုတ် ၅ ရက်မှစတင်ကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဘီးလင်းမြို့နယ်ရှိ အနိမ့်ပိုင်းဒေသများတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့၍ အိမ်ထောင်စု ၄၄ စုမှ လူဦးရေ ၂၁၈ ဦးတို့အား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရေဘေးကင်းလွတ်ရာ ကယ်ဆယ်ရေးစခန်းလေးခုသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များထိခိုက်ဆုံးရှုံးမှု မရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

ပြည်တွင်းသတင်း

စစ်ကိုင်းတိုင်းဒေသအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများကို ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်စေလို

နေပြည်တော် ဩဂုတ် ၆

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်သေးသော ဒေသများသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၃ ရက် နံနက်ပိုင်းက ကလေးမြို့ မြို့တော်ခန်းမ၌ ကလေးမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကလေး-မင်းတပ်-မော်လိုက်-ဖောင်းပြင်-ကနီ-ခန္တီး-တမူး စသည့် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ခြမ်းဒေသများသည် နိုင်ငံတော်ဓာတ်အားစနစ် မရောက်သေးသဖြင့် မီးစက်ဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် အခြေအနေတွင်ရှိပါကြောင်း၊ ရွှေလီ၊ ရဲရွာ၊ ဘီလူးချောင်း၊ ပေါင်းလောင်း စသည့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားအဓိကထုတ်လုပ်သော စီမံကိန်းများသည် နိုင်ငံ၏အရှေ့ခြမ်းတွင်သာ အများစုရှိသော်လည်း နိုင်ငံ၏အနောက်ဘက်ရှိဒေသများဖြစ်သော ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ခြမ်းတို့ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရန်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ်သို့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မုံရွာတစ်ဖက်ကမ်း ညောင်ပင်ကြီးဓာတ်အားခွဲရုံမှတစ်ဆင့် ချောင်းကူးသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းနှင့် ချောင်းကူးမှ ဂန့်ဂေါသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခဲ့ပြီးဖြစ်သဖြင့် ဇူလိုင် ၇ ရက်တွင် ဟားခါးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ခြမ်းနှင့် ချင်းပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ၆၆ ကေဗွီ ဟားခါး-ဖလမ်း-သိုင်းငင်းဓာတ်အားလိုင်းကို တီးတိန်နှင့် ကလေးမြို့များသို့ ဆက်လက်ပို့ဆောင်နိုင်ရေး ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ဓာတ်အား ပိုမိုပို့လွှတ်နိုင်ရေးနှင့် ဝန်အားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် ၂၃၀ ကေဗွီ ညောင်ပင်ကြီးပင်မဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကို ညောင်ပင်ကြီး-ဂန့်ဂေါမှ ကလေးမြို့သို့ ဆက်လက်တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏တောင်ဘက် မဏိပူရ်မြစ်ပေါ်တွင် တည်ဆောက်ထားသော မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၇-၂၀၀၈ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒေသတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ပိုလျှံဓာတ်အားကို ဓာတ်အားစနစ်မှတစ်ဆင့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးဝဒေသတွင် ကျောက်မီးသွေးများထွက်ရှိသော်လည်း အခြားဒေသများသို့သာ ပို့ဆောင်သုံးစွဲသဖြင့် အခြားဒေသများအတွက် စက်မှုလက်မှုလုပ်ငန်းများတွင် အကျိုးရှိသော်လည်း ဒေသတွင်းပြည်သူလူထုအတွက် အကျိုးရှိအောင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း၊ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်ပါက ဒေသအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုလျင်မြန်စွာ ရရှိကာ ဒေသဖွံ့ဖြိုးရေးအတွက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို အမေရိကန်ပြည်ထောင်စုတွင် ၄၈ ဒသမ ၈ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံတွင် ၇၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၆၈ ဒသမ ၆ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ၂၆ ဒသမ ၆ ရာခိုင်နှုန်းခန့်စီဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် ၄၀ ဒသမ ၈ ရာခိုင်နှုန်းရှိသည့်အတွက် ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ပစ်ပယ်၍မရပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် အဆင့်မြင့် နည်းပညာရပ်များကို အသုံးပြုပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ပြည်သူလူထု ဘေးအန္တရာယ် ကင်းရှင်းမှုရှိအောင် (Clean Coal Technology) စနစ်ဖြင့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး သီလဝါတို့တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ပြည်သူလူထု ဘေးအန္တရာယ်ကင်းရှင်းမှုရှိအောင် အလေးထားစီမံဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထမံသီ၊ မော်လိုက်၊ ရွှေစာရေး ရေအားလျှပ်စစ် စီမံကိန်းများကို ငွေကြေးများစွာ အကုန်အကျခံကာ လေ့လာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း ထမံသီရေအားလျှပ်စစ်စီမံကိန်းသည် ခန္တီးမြို့အပြင် လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ ကျော်နှင့် ထမံသီတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေ ဧကပေါင်း ၃၅၁၆၀ ဧက ရေနစ်မြုပ်နိုင်ခြင်း၊ မော်လိုက်ရေအားလျှပ်စစ်စီမံကိန်းသည် မော်လိုက်ခရိုင်မှကျေးရွာ ၁၅၇ ရွာနှင့် ခန္တီးခရိုင်မှ ကျေးရွာ ၄၃ ရွာ စုစုပေါင်း ရွာပေါင်း ၂၀၀ ခန့် ရေနစ်မြုပ်နိုင်ခြင်း၊ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတွင် ကနီမြို့အပါအဝင် ကလေးဝ၊ မင်းတပ်နှင့် ကနီမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၉၈ ရွာ ရေနစ်မြုပ်နိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအတွက် ထိခိုက်နစ်နာမှုများပြားသဖြင့် နိုင်ငံတော်မှ ယင်းစီမံကိန်းများကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပြီး ဖြစ်ပါကြောင်း။

မိမိနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ၂၁၀၀ မဂ္ဂါဝပ်ခန့်ထုတ်လုပ်နေချိန်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံအနေဖြင့် ၂၇၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်သုံးစွဲလျက်ရှိကြောင်း၊ မိမိနိုင်ငံ၌ လူတစ်ဦးလျှင် လျှပ်စစ်ဓာတ်အား ၁၀၄ ယူနစ်ခန့် သုံးစွဲနေချိန်တွင် ထိုင်းနိုင်ငံအနေဖြင့် လူတစ်ဦး ၂၀၄၅ ယူနစ်ခန့်အထိ ရရှိသုံးစွဲလျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး လျှပ်စစ်ဓာတ်အားကို ဘက်ပေါင်းစုံမှ ထုတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၀ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား ၂၀၀၀၀ မဂ္ဂါဝပ်အထိ ထုတ်နိုင်ရေး စီမံဆောင်ရွက်မှသာ နောင်အနာဂတ်တွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒေသအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်းများကို ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းက ဒေသအတွင်း ဆောင်ရွက်လျက်ရှိသော ကျေးရွာမီးလင်းရေးကိစ္စရပ်များနှင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများကိုယ်စား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်နှင့် မြို့မိမြို့ဖဖြစ်သူ ဦးအေးချိုက မြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များနှင့် မဟာဓာတ်အားလိုင်း ကလေးဒေသသို့ ရောက်ရှိရေး ဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးမြို့၏ တောင်ဘက် ၃၁ မိုင်ခန့်အကွာ ကလေး-ဂန့်ဂေါ ကားလမ်းပေါ်ရှိ ဆည်တောရွာအနီး မဏိပူရ်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန အင်ဂျင်နီယာချုပ်က 230 KV ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းမိုင် ၈၀ နှင့် ဆက်စပ်ဓာတ်အားခွဲရုံများ တည်ဆောက်ရေး၊ 230 KV ကလေး ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် လျာထားမြေနေရာ၊ 66 KV ဟားခါး-ဖလမ်း-ကလေး ဓာတ်အားလိုင်းမိုင် ၈၀ နှင့် ဆက်စပ်ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်း၊ 66 KV ဓာတ်အားလိုင်းဖြင့် ကလေးနှင့် ကလေးဝမြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးမည့်အစီအစဉ်များ၊ 66 KV ကလေး-တမူး ဓာတ်အားလိုင်းမိုင် ၇၀ နှင့် ဆက်စပ်ဓာတ်အားခွဲရုံများ တည်ဆောက်ရေးများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဟားခါး-ဖလမ်း-သိုင်းငင်း ဓာတ်အားလိုင်းကို ကလေးမြို့နှင့် တီးတိန်မြို့သို့ ဆက်လက်သွယ်တန်းတည်ဆောက်နိုင်ရေး ကလေးမြို့တွင် တည်ဆောက်မည့် ဓာတ်အားခွဲရုံကို 10 MVA ဖြင့် တိုးချဲ့တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီဘိုလာအကြောင်း တစေ့တစောင်း

သတင်းဆောင်းပါး – စံကားဝါ

အနောက် အာဖရိကနိုင်ငံများတွင် ကူးစက်ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်စ်အကြောင်း တစေ့တစောင်းလေ့လာကြည့်ရာ အီဘိုလာဗိုင်းရပ်စ် (Ebola Virus) သည် ကူးစက်တတ်သော ရောဂါတစ်မျိုးဖြစ်ပြီး ကူးစက်မှုနှုန်းလျင်မြန်ကာ ရောဂါဖြစ်ပွားပါက အချိန်တိုအတွင်း သေဆုံးနိုင်သည့်အပြင် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန် အလွန်ခက်ခဲသော ကူးစက်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်အတွင်း ရောဂါပိုးစတင်ဖြစ်ပွားသည့် ဂီနီနိုင်ငံ (Guinea) မှတစ်ဆင့် ဆီရာလီယွန်၊ လိုက်ဘေးရီးယားနှင့် နိုင်ဂျီးရီးယားနိုင်ငံများသို့ ပျံ့နှံ့သွားပြီး ၂၀၁၄ ခုနှစ် မတ်လမှ ဩဂုတ်အထိ ကူးစက်ခံရသူ ၁၆၀၀ ကျော်ရှိပြီး ဩဂုတ် ၄ ရက်အထိ အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်မှုကြောင့် သေဆုံးသူ ၈၈၇ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အီဘိုလာဗိုင်းရပ်စ်သည် မျောက်ဝံ၊ လင်းနို့စသော တိရစ္ဆာန်များမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ တိရစ္ဆာန်များကို လူများက ကိုင်တွယ်စားသောက်ခြင်းမှတစ်ဆင့် လူတွင် ကူးစက်ဖြစ်ပွားလာကြောင်း သိရသည်။ အီဘိုလာရောဂါသည် လူတုပ်ကွေးကပ်ရောဂါ၊ ဆားစ်၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ အဆုတ်ရောင်ရောဂါများကဲ့သို့ လေထဲမှတစ်ဆင့် ကူးစက်ခြင်းမျိုးမဟုတ်ကြောင်း၊ ထို့အတူ လေ၊ ရေ၊ အစားအစာတို့မှ ကူးစက်မှုမရှိကြောင်း သိရသည့်အတွက် တော်သေးသည်။ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသောသူသို့မဟုတ် တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ချွေး၊ ခန္ဓာကိုယ်မှထွက်ရှိသော အရည်များမှတစ်ဆင့် ကူးစက်သော ရောဂါဖြစ်သည်။ ထို့အပြင် အဆိုပါ ကူးစက်နိုင်သော အရည်များနှင့် ထိတွေ့ထားသော အရာဝတ္ထုများကို ကိုင်တွယ်အသုံးပြုမိပါက ထပ်မံကူးစက်နိုင်သော ရောဂါလည်း ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အီဘိုလာရောဂါသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံး ရောဂါကူးစက် သေဆုံးမှုဖြစ်ကြောင်း ထုတ်ပြန်ထားပြီး ကာကွယ်ထိန်းချုပ်ရန် အလွန်ခက်ခဲသော ကူးစက်ရောဂါဖြစ်ကြောင်း သိရသည်။



အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူသည် အစပိုင်းတွင် တုပ်ကွေးရောဂါလက္ခဏာများနှင့် ဆင်တူသော ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်းများ ဖြစ်ပွားတတ်ကာ အသည်းနှင့် ကျောက်ကပ်များပျက်စီးနိုင်ပြီး ခန္ဓာကိုယ်အတွင်းအပြင် သွေးယိုစီးမှုများဖြစ်ပေါ်လာကာ အသက်အန္တရာယ်ဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ရောဂါကူးစက်မှုဖြစ်ပွားနေသော အနောက်အာဖရိကနိုင်ငံများသို့ ခရီးသွားလာခွင့်များကို နိုင်ငံအများအပြားတွင် ကန့်သတ်ထားပြီး မြန်မာနိုင်ငံ၌ ယနေ့အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသူမရှိဘဲ ရောဂါကူးစက်ဝင်ရောက်လာနိုင်သည့် လေဆိပ်နှင့် နယ်စပ်ဂိတ်များတွင် ပြည်ပမှလာရောက်ကြသော ခရီးသွားများအား အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံရမှုအခြေအနေ ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုသည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ သိရသည်။

အီဘိုလာဗိုင်းရပ်စ် ပိုးကူးစက်မှုမရှိစေရန် တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကာ အထူးသဖြင့် လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် မကြာခဏ ဆေးကြောသင့်သည်။ ရောဂါပိုးရှိသူ၏ သွေးနှင့် အရည်များကို ကိုင်တွယ်ခြင်း၊ ရောဂါပိုးရှိသူ လူနှင့် တိရစ္ဆာန်များ၏အရည်များရှိနိုင်သော အရာဝတ္ထုပစ္စည်းများ၊ စားပွဲ၊ ခုံ၊ ရေအိမ်၊ ခုတင်၊ အိပ်ရာ၊ လှေကားလက်ရန်း စသည်တို့အား ကိုင်တွယ်အသုံးပြုခြင်း မပြုသင့်ပါ။ ရောဂါကူးစက်မှု၏ ရှေ့ပြေးလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးဆက်သွယ်ကြရမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ရောဂါကူးစက် ခံနေရသော အနောက်အာဖရိက နိုင်ငံများတွင် အီဘိုလာရောဂါရှိသူကို ပြုစုပေးနေသော ဆွေမျိုးမိသားစုဝင်များ၊ ရောဂါကြောင့် သေဆုံးသူများကို ထိတွေ့ကိုင်တွယ်မိသူများသို့ ရောဂါကူးစက်ခြင်းမှာ အများဆုံးဖြစ်နေသည်။

အီဘိုလာရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများသည်ပင် ရောဂါကူးစက်ခံရကာ အသက်သေဆုံးမှု ဖြစ်စဉ်အချို့ကို တွေ့ရှိရသောကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အထူးသတိထားရမည့် အနေအထားပင်ဖြစ်သည်။

အီဘိုလာရောဂါကို ကုသရန် ဆေးဝါးမရှိသေးဘဲ ဝေဒနာခံစားရပါက သက်သာမှုရရှိစေရန်သာ လုပ်ဆောင်နိုင်သဖြင့် ကမ္ဘာ့နိုင်ငံများအကြား သတိထားကိုင်တွယ်ရမည့် ကူးစက်ရောဂါအသွင်ဖြစ်လာသည်။ အီဘိုလာဗိုင်းရပ်စ်ကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားနေသည့် ဂီနီ၊ လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်နိုင်ငံများကို ကမ္ဘာ့ဘဏ်က အရေးပေါ်ထောက်ပံ့မှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်တင်တင်ဝင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများက အာဆီယံသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

လမ်းပြဖော်ဆောင်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် အာရှ-ပစိဖိတ်ဒေသကို မဟာဗျူဟာကျသည့် ဒေသတစ်ခုအဖြစ် မြင်တွေ့နေရပါကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှုသည်လည်း ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုမိုသိသာစွာ တိုးတက်မြင့်မားလာခဲ့ပါကြောင်း၊ အာဆီယံ အသိုက်အဝန်း တည်ထောင်ရေးသည် အာဆီယံ၏ စည်းလုံးညီညွတ်မှုကိုအခြေခံထားခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် မိမိတို့၏ ဆောင်ပုဒ်အဖြစ် "ရှေ့သို့တူညီ တက်လှမ်းချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဆိုသည့် အနှစ်ကြိုးပမ်းလျက်ရှိပါကြောင်း။

ယနေ့ကာလတွင် ဒေသတွင်း ဖြစ်ပေါ်နေသည့် အပြောင်းအလဲများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုတို့နှင့် ပတ်သက်ပြီး သိရှိနားလည်မှုများ မြင့်မားလာခြင်း၊ ဒေသတွင်း နိုင်ငံများအကြား အပြန်အလှန်အမှီသဟဲပြုခြင်းများ တိုးမြင့်လာခြင်း၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို ပြည်သူများလက်လှမ်းမီ အသုံးပြုနိုင်လာခြင်း စသည့်အပြောင်းအလဲများ ဖြစ်ပါကြောင်း၊ ယင်းအပြောင်းအလဲများသည် ပြည်သူများ၏ နေ့စဉ်ဘဝတွင် အပြုသဘောအကျိုးပြုမှုများ ဖြစ်ထွန်းစေပါကြောင်း၊ ထိုတိုးတက်မှုရလဒ်ကောင်းများ ရေရှည်တည်တံ့နိုင်

မြန်မာနိုင်ငံ၏ မူဝါဒများနှင့်လည်း ကောင်း ကိုက်ညီမှုရှိပါကြောင်း။

နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ကြွယ်ဝချမ်းသာရေးအတွက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းလမ်းပြမြေပုံသည် ဒေသတွင်းလုံခြုံရေးနှင့် အေးချမ်းသာယာရေး မြှင့်တင်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုအခြေခံများ ခိုင်မာစေရေးအတွက် ဖြစ်ပါကြောင်း၊ ယင်းပူးပေါင်းဆောင်ရွက်မှုမှနေပြီး ဆွေးနွေးဖက်နိုင်ငံများပါဝင်သည့် ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်သွားရန်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သမားရိုးကျ

ချက်ဖြစ်သည့် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှတစေရန်နှင့် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ထိထိရောက်ရောက် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံ ပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်း အကောင်အထည်ဖော်မှုနှင့် ဒေသတွင်းအလုံးစုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီမံကိန်း အကောင်အထည်ဖော်မှုတို့သည် ယင်းရည်မှန်းချက်ကို အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

လူမှုယဉ်ကျေးမှုအသိုက်အဝန်း တည်ဆောက်မှုသည် သဘာဝဘေးဒဏ် စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ

အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ယင်းရည်မှန်းချက်ကို အချိန်မီ ပြည့်မီစေရန် ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ အာဆီယံအနေဖြင့် မတူကွဲပြားမှုများကြားမှ စိန်ခေါ်မှုများကို အာဆီယံ၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မကြာသေးသည့် ကာလအတွင်း အာဆီယံနိုင်ငံများအကြား စိတ်ထိခိုက်ကြေကွဲဖွယ် ဖြစ်ရပ်များ ဖြစ်ပွားခဲ့ပါကြောင်း၊ မလေးရှားလေကြောင်း အမှတ် (၁၇)၏ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးနှင့် ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ဖြစ်သည့် မုန်တိုင်းကျရောက်မှုများ

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ (၄၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် အာဆီယံအဖွဲ့ကြီး၏ (၄၇)နှစ်တာ ခရီးစဉ်ကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် စည်းလုံးညီညွတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အာဆီယံ၏ အဓိကအခြေခံဖြစ်ပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောခြင်းများအတွက် ထင်ရှားသည့် တိုးတက်ခြင်းများကိုလည်း အောင်မြင်စွာ ရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံ၏ ထူးခြားချက်မှာ ကွဲပြားခြားနားမှုများမှ တစ်ဆင့် စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်နိုင်ခြင်းဖြစ်ပါကြောင်း၊ ယင်း အခြေခံစိတ်ဓာတ်များသည် အာဆီယံ၏ တန်ဖိုးနှင့် အခြေခံမူများဖြစ်ပြီး ယင်းအခြေခံမူများသည် အာဆီယံကို အခက်အခဲများမှ အောင်မြင်စွာ ကျော်လွှားနိုင်စေရန်

သာရ ပြည့်ဝသည့် ဦးတည်ချက်ကို ရွေးချယ်သတ်မှတ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယနေ့ကာလသည် အာဆီယံ အသိုက်အဝန်း တည်ထောင်မှု အကောင်အထည် ဖော်ဆောင်ရန်အတွက် အလွန်အရေးကြီးသည့် အချိန်ဖြစ်ပါကြောင်း၊ အာဆီယံသည် တစ်စတစ်စ ကြီးမားကျယ်ပြန့်လာသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် ပုံသဏ္ဌာန်ပြောင်းလဲနေပြီဖြစ်ပါကြောင်း၊ ထိုသို့ ပြောင်းလဲရာတွင် တူညီသည့် တန်ဖိုးထားရှိမှုများနှင့် တူညီသော စံချိန်စံနှုန်းများကို အပြန်အလှန်လက်ခံခဲ့ကြပြီး နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်း၊ လူမှုယဉ်ကျေးမှု အသိုက်အဝန်းများနှင့် တည်ဆောက်ထားသည့် အာဆီယံ အသိုက်အဝန်းကို တည်ထောင်နိုင်ရန်

အောင် အာဆီယံအသိုက်အဝန်း တည်ထောင်မှုလုပ်ငန်းစဉ်မှ မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံအသိုက်အဝန်းထူထောင်မှုကို သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးမြောက်စေရန် အားပေးတိုက်တွန်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူအခြေပြု အာဆီယံအသိုက်အဝန်းထူထောင်မှုသည် ဆင်းရဲနွမ်းပါးမှုနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးမညီမျှခြင်းများကို ဖြေရှင်းပေးနိုင်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း၊ အာဆီယံအသိုက်အဝန်း တည်ထောင်ရေးမျှော်မှန်းချက်များသည် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်အရလည်းကောင်း၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးဆိုင်ရာ

မဟုတ်သော လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်သည့် လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်းကဏ္ဍများတွင် ဦးစားပေးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကိုလည်း မြှင့်တင်ရန်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်နိုင်ရန်အတွက်ဒေသတစ်ခုလုံးကို ဈေးကွက်တစ်ခုတည်းနှင့် ထုတ်လုပ်မှုတစ်နေရာတည်းဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းသည် အာဆီယံ၏ အဓိကရည်ရွယ်

ပေးအပ်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသမီး၊ ကလေးသူငယ်များနှင့် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကူးစက်ပြန့်ပွားစေသည့် ရောဂါများကာကွယ်တားဆီးရေးနှင့် ပညာရေးမြှင့်တင်မှု ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အာဆီယံဒေသကို တိုးတက်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက်လည်း လူမှုယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ လမ်းပြမြေပုံကို ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

အသိုက်အဝန်း တည်ထောင်ရေးဆိုင်ရာ အာဆီယံ၏မျှော်မှန်းချက်ကို ၂၀၁၅ ခုနှစ် နှစ်ကုန်တွင် ပြီးစီးရန် ရည်မှန်းချက်ထားရှိပါကြောင်း၊

ကြောင့် အသက်အိုးအိမ်များဆုံးရှုံးပျက်စီးခဲ့ရသည့် ဖြစ်ရပ်များအပေါ် မြန်မာအစိုးရနှင့် မြန်မာပြည်သူများက စာနာစိတ်ဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယင်းကဲ့သို့ ဖြစ်ရပ်များကို ကာကွယ်နိုင်ရန်အတွက် အာဆီယံအဖွဲ့အတွင်း

အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အထူးအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၆

လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင် အထူးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ပတ္တမြားခန်းမ(၅)၌ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ကော်မရှင်အလှည့်ကျဥက္ကဋ္ဌ မြန်မာကိုယ်စားလှယ် ဦးကျော်တင့်ဆွေက ဆောင်ရွက်ကာ အာဆီယံဒေသအတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ဩဂုတ် ၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၆

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ၏ နံနက်ပိုင်းပွဲစဉ်များတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးအားကစားကွင်းအမှတ်(၃)၌ အုပ်စု(င)မှ ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား သုံးဂိုး-တစ်ဂိုးနှင့် ကွင်း

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘော

အမှတ် (၄)၌ အုပ်စု(စ)မှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းအား လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိကြသည်။

ညနေပိုင်းပွဲစဉ်များတွင် ကွင်းအမှတ်(၃)၌ အုပ်စု(စ)မှ သာသနာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းအား နှစ်ဂိုး-ဂိုးမရှိနှင့် ကွင်းအမှတ်(၄)၌ အုပ်စု(က)မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက

နိုင်ငံများသည်
အချိန်မီ ပြည့်မီ
ဝတ်လျက်ရှိပါ
အနေဖြင့် မတူ
န်ခေါ်မှုများကို
းလုံးညီညွတ်မှု
မြင်စွာ ကျော်
ယုံကြည်ပါ

ကာလအတွင်း
ကြား စိတ်
ဖြစ်ရပ်များ
မလေးရှား
၁၇)၏ကြေကွဲ
ဖိလစ်ပိုင်နှင့်
ဌင် ဖြစ်ပွား
းဘားအန္တရာယ်
ျရောက်မှုများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

သာမက ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် ဦးဆောင်တာဝန်ယူလျက်ရှိရာ နှစ်လယ်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယခုနှစ်နှစ်စမှ စတင်ပြီး အာဆီယံအဖွဲ့ကြီး၏ ချမှတ်ထားသည့်လုပ်ငန်းတာဝန်များကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများကို ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် ကျင်းပလျက်ရှိပါကြောင်း၊ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကိုလည်း ယခုနှစ် မေလအတွင်းက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း၊ ယခုရက်ပိုင်းအတွင်းတွင် နေပြည်တော်၌ (၄၇)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ယင်းဝန်ကြီးအဆင့် အစည်းအဝေးများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ ကျယ်ပြန့်စွာ ပါဝင်ကြမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိုအစည်းအဝေးများမှ အကျိုးရှိသည့်ရလဒ်များကို ဖြစ်ထွန်းစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတွင် အာဆီယံ၏ဦးဆောင်မှုအခန်းကဏ္ဍကို အလေးထားထိန်းသိမ်းပြီး အာဆီယံ၏မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များကို တာဝန်သိသည့်၊ တာဝန်ရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်းကို အတည်ပြုပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံအပေါ် မျှော်မှန်းချက်ဖြစ်သည့် ရှေ့သို့တူညီစွာ တက်လှမ်းချီပြီး ငြိမ်းချမ်းသာယာဝပြောသည့် အာဆီယံအသိုက်အဝန်းကို တည်ထောင်ရန် မျှော်မှန်းချက်ကို အပြည့်အဝ အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံအလှည့်ကျဥက္ကဋ္ဌကိုယ်စား အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က (၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ‘ WE ARE ASEAN ’တေးသီချင်းဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့် ဆုရကျောင်းသားကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များသည် အာဆီယံ ၁၀ နိုင်ငံမှ ရိုးရာပစ္စည်းများ၊ အာဆီယံလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ အာဆီယံစာတမ်းများနှင့် ဆုရစာစီစာကုံးများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ (၄၇)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

အနယ်နယ်အရပ်ရပ်ရှိဌာနခွဲအားလုံး တစ်ပြိုင်နက်စည်းဝေးနိုင်မည့် Video Conferencing စနစ်သုံးစွဲနိုင်ရန် အမေရိကန်၊ ဆွစ်ဇာလန်နည်းပညာများ သုံးစွဲဆောင်ရွက်မည်

သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၆

ကျယ်ပြန့်လာသည့် စီးပွားရေးနှင့် ဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းများအတွင်း ရုံးဌာနခွဲများအားလုံး တစ်ပြိုင်နက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် စနစ်တစ်ခုကို ရတနာပုံ Fiber Optical Factory မှ အမေရိကန်၊ ဆွစ်ဇာလန် နည်းပညာလုပ်ငန်းများနှင့် ပူးပေါင်းဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်းသိရသည်။

ဩဂုတ် ၆ ရက်က ဟိုတယ်ရန်ကုန်၌ကျင်းပသော Unified Communication အတွင်း အမေရိကန်အခြေစိုက် Patton နည်းပညာကုမ္ပဏီနှင့် Life Size နည်းပညာကုမ္ပဏီ၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Aare Net နည်းပညာ ကုမ္ပဏီမှ နောက်ဆုံးပေါ် လုပ်ငန်း ချိတ်ဆက်လုပ်ကိုင်နိုင်မည့် အွန်လိုင်းအခြေပြုနည်းပညာများကို မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းများ၏ တာဝန်ရှိသူများက ပြောကြားခြင်းဖြစ်သည်။

“မြန်မာနိုင်ငံအနေနဲ့ နည်းပညာကဏ္ဍမှာ အလျင်အမြန်တိုးတက်နေတာကို တွေ့ရပါတယ်။ ပြည်တွင်းပြည်ပ အော်ပရေတာတွေကလည်း ဆက်သွယ်ရေးကဏ္ဍကို အပြိုင်အဆိုင်မြှင့်တင်နေတာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း ပြည်တွင်းပြည်ပပြိုင်ဆိုင်တိုးချဲ့လာကြတဲ့နေရာမှာ ရုံးချုပ်ကနေ ရုံးခွဲတွေအားလုံးကို အချိန်နဲ့တစ်ပြေးညီ စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါတယ်။ တစ်ချိန်တည်း တစ်နေရာတည်းကနေ နေရာခွဲတွေအများကြီးနဲ့ တစ်ပြိုင်နက် ပြောဆိုဆက်သွယ်ပြီး ဆုံးဖြတ်ချက်တွေချမှတ်ဖို့နဲ့ အစည်းအဝေးတွေကို တစ်ပြိုင်နက်ပြုလုပ်ဖို့အတွက် ဆက်သွယ်မှု နည်းပညာအသစ်တွေက နိုင်ငံတကာမှာ အသုံးပြုနေသည့် နည်းတူ မြန်မာနိုင်ငံမှာလည်း စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမယ်”ဟု ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Aare Net နည်းပညာကုမ္ပဏီ၏ အာရှ-ပစိဖိတ်ဆိုင်ရာ တာဝန်ရှိသူ မစ္စတာ Bao က ပြောကြားသည်။

အချိန်နှင့်တစ်ပြေးညီ နေရာဒေသမရွေး ချိတ်ဆက်ဆောင်ရွက်ကာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည့် Unified Communication အား စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်တွင်းဖိုင်ဘာနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော ရတနာပုံနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်ရန် စီစဉ်ထားပြီး ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းလုပ်ကိုင်ရန် အစီအစဉ်များ စတင်နေပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ စီးပွားရေးလုပ်ငန်းတွေမှာရော၊ အစိုးရဝန်ကြီးဌာနတွေရဲ့ e-Government ဖော်ဆောင်မှုလုပ်ငန်းတွေမှာပါ စရိတ်စကသက်သာတဲ့ နည်းပညာမြင့်အီလက်ထရွန်နစ် ဆက်သွယ်ရေးစနစ်တွေကို ဖော်ဆောင်ပေးသွားမယ်”ဟု အမေရိကန်အခြေစိုက်နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Life Size မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ Martin ကပြောကြားသည်။

အဆိုပါဆွေးနွေးပွဲ၌ မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးနည်းပညာများဖြစ်သော တယ်လီဖုန်းဆက်သွယ်ခြင်း၊ သတင်းအချက်အလက်များလွယ်ကူစွာ ချိတ်ဆက်နိုင်ခြင်းနှင့် သတင်းပေးပို့မှု နည်းပညာမြင့် Smartnode VoIP နည်းစနစ်၊ အချိန်နှင့် တစ်ပြေးညီ နေရာအနှံ့မှ တစ်ပြိုင်နက်အသုံးပြုနိုင်မည့် တယ်လီဖုန်းခေါ်ဆိုမှုနှင့် Video Conferencing နည်းပညာ၊ ဌာနခွဲများအားလုံးနှင့် တစ်ပြိုင်နက် ချိတ်ဆက်ကာ ဆက်သွယ်လုပ်ဆောင်နိုင်မည့် Unified Communication နည်းပညာများကို ပြည်ပ ပညာရှင်များက မိတ်ဆက်ခဲ့ကြသည်။

“ပြည်တွင်းမှာ စီးပွားရေးလုပ်ငန်းတွေက တိုးတက်လာတဲ့အခါ ရုံးခွဲတွေမှာလိုက်ပြီး ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေနဲ့ ညွှန်ကြားချက်တွေဆောင်ရွက်ဖို့ အချိန်ပေးရတာ မလွယ်ကူပါဘူး။ အခုနည်းပညာက Video Conferencing နည်းပညာဖြစ်လို့ ကုန်ကျစရိတ်နဲ့ အချိန်ကို ချွေတာရာရောက်ပြီး အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်မှုတွေပြုလုပ်နိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာ ဘဏ်လိုမျိုးလုပ်ငန်းတွေမှာ စတင်ကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ လက်ရှိ ကျွန်တော်တို့ နိုင်ငံမှာ အသုံးပြုနေတဲ့စနစ်က PABX စနစ်ကို အသုံးပြုပြီး လုပ်ငန်းတွေဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီအတွက် Fits Line တွေကို နှစ်ခုကနေ ငါးခုအထိ သုံးစွဲနေရပါတယ်။ ပြောရရင် ရိုးရိုး PABX စနစ်ကို အသုံးပြုရင် လိုင်း ၂၄ လိုင်းကနေ ၃၀ လောက်အထိပဲ ချိတ်ဆက်ထားနိုင်ပါတယ်။ လိုင်း ၁၀၀၀ လောက်စုပြီး အသုံးပြုမယ်ဆိုရင် အခန်းတစ်ခန်းစာလောက် နေရာပေးရမှာဖြစ်ပါတယ်။ အခုစနစ်ကတော့ IP ပေါ်ကနေ သွားတာဖြစ်ပြီး ဖိုင်ဘာဆက်ကြောင်းတွေ တပ်ဆင်ပြီးတာနဲ့ ကိုယ့်ရဲ့ လုပ်ငန်းခွင်ဧရိယာကို တစ်သောင်းလောက်အထိ ဆန့်ထုတ်သုံးစွဲနိုင်လို့ လုပ်ငန်းကြီးတွေနဲ့ ဝန်ကြီးဌာနဆိုင်ရာတွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ တစ်နေရာနဲ့ တစ်နေရာ ချိတ်ဆက်ဖို့ အင်တာနက်၊ ဖုန်း၊ ဗီဒီယို ဆက်သွယ်မှု၊ ဖက်စ်အပြင် အခြားသော နည်းပညာဆက်သွယ်ရေး လမ်းကြောင်းတွေကို တစ်ပြိုင်နက်တည်း လိုင်း ၁၀၀၀၀ အထိ သုံးစွဲနိုင်မှာဖြစ်ပြီး ကုန်ကျစရိတ်အားဖြင့်လည်း လျှော့ချနိုင်မယ်”ဟု ရတနာပုံ Fiber Optical Factory မှ ဒါရိုက်တာ ဦးတေဇအောင်က ပြောကြားသည်။

IP ပေါ်မှ ရယူသုံးစွဲရသည့် စနစ်ဖြစ်ခြင်းကြောင့် အင်တာနက် Backbone များ၊ Network နှင့် ဖိုင်ဘာဆက်ကြောင်းများ ချိတ်ဆက်ရန်လိုအပ်ကြောင်း သိရသည်။

လက်ရှိတွင် ဘဏ်အချို့၌ စတင်စမ်းသပ်သုံးစွဲနိုင်ရန် တပ်ဆင်ပေးနေပြီး Video Conferencing သည် အစိုးရဝန်ကြီးဌာနများနှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့မီးရထားမှ ငှားရမ်းအသုံးပြုခွင့်ပေးမည့် ရထားလမ်းတစ်လျှောက် ဖိုင်ဘာဆက်ကြောင်းများ ချိတ်ဆက်သွယ်တန်းမည့် လုပ်ငန်းများတွင်လည်း IP PABX စနစ်များ ချိတ်ဆက်နိုင်ရေး ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

Video Conferencing စနစ်သုံးစွဲရာတွင် အသုံးပြုမည့် စက်ပစ္စည်းများကို တွေ့ရစဉ်။

စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

တောင်ငူ ဩဂုတ် ၆

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး သင်တန်းခန်းမ၌ ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ သင်တန်းဖွင့်လှစ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်အောင်က ဦးဆောင်၍ ပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ တောင်ငူခရိုင် သစ်တောဦးစီးဌာနရှိ သင်တန်းသား တောအုပ်ကြီး ၁၅ ဦး၊ တောအုပ် ၁၇ ဦး၊ တောခေါင်းလေးဦးနှင့် စာရေးဝန်ထမ်း ၁၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းတွင် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာ အခြေခံမှုများ၊ သစ်တောလုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ သစ်တောသယံဇာတ စာရင်းကောက်လုပ်ငန်းများ၊ လူထုပညာပေး ဟောပြောနည်းပညာ စသည့်ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

)မှ သာသနာ
းက ကျန်းမာ
းအား နှစ်ဂိုး-
က်(၄)၌ အုပ်စု
က်ပျိုးရေးနှင့်
ာနအသင်းက

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနအသင်းအား ငါးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိကြသည်။

ဩဂုတ် ၇ ရက် ပွဲစဉ်များအဖြစ် နံနက်ပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(က)မှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(ခ)မှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် ကွင်းအမှတ်(၃)၌ အုပ်စု(ခ)မှ ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ကွင်းအမှတ်(၄)၌ အုပ်စု(ဂ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်-ရေး အမြန်လူစီးရထားလမ်းချော်

မော်လမြိုင် ဩဂုတ် ၆

မော်လမြိုင်မြို့မှ ရေးမြို့သို့ စက်ခေါင်းမောင်း ဦးမြင့်စိုးမောင်းနှင်လာပြီး ရထားထိန်းဦးတင်သိန်းလိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ်(၁၇၅) အဆန်မီးရထားသည် ဩဂုတ် ၆ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် မော်လမြိုင်ဘူတာနှင့် သရက်ကုန်းဘူတာအကြားတွင် ရထားလမ်း မိုင်တိုင်အမှတ် ၁၇၉/၄ မှ ၁၁ တွင် စက်ခေါင်း၏နောက် ငါးတွဲမြောက် BDTEZ---- ရိုးရိုးတန်းလူစီးတွဲသည် ဘီးအမှတ်(၄) အတွင်းကျ၍ ဘီးအမှတ်(၅)သည် ရထားသံလမ်းနှင့် တစ်ပေခန့်အကွာ လမ်းချော်သွားကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားသည့်နေရာသို့ အမှတ်(၈)တိုင်း သွားလာ ပို့ဆောင်ရေးဌာန မန်နေဂျာ ဦးတင့်ဝေ ရောက်ရှိလာပြီး စီစဉ်ညွှန်ကြား၍ သရက်ကုန်းရုံပိုင်ကြီးနှင့် အင်ဂျင်နီယာလုပ်သားများအဖွဲ့က လမ်းချော်သည့် ဘီးများကို အမြန်ဆုံးမတင်ခဲ့ကြောင်းနှင့် ယင်းရထားဘီးချော်ကျမှုကြောင့် ခရီးသည်များ မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ အမှတ်(၁၇၅) အဆန်လူစီးရထားသည် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က ရေးမြို့သို့ဆက်လက် ထွက်ခွာသွားကြောင်း သိရသည်။ **တင်ထွန်း**

ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

ငွေကြေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အင်တာနက်ဘဏ်ဝန်ဆောင်မှုအနေဖြင့် ဘဏ်ခွဲအမည် လိပ်စာများ သိရှိနိုင်ခြင်း၊ ငွေလက်ကျန်စစ်ဆေးနိုင်ခြင်း၊ ငွေလဲနှုန်းများ ကြည့်ရှုနိုင်ခြင်းတို့ကို သိရှိနိုင်မည်ဖြစ်သည်။

တစ်ဖန် မိမိကိုယ်ပိုင်စာရင်းမှ ငွေလွှဲပို့ခြင်း၊ ငွေလွှဲပြောင်းခြင်း၊ မိမိငွေပေးချေလိုသူ၏ အမည်နှင့်စာရင်းအမှတ်ကို မှတ်ပုံတင်ခြင်း စာရင်းလွှဲပြောင်းပေးချေခြင်း၊ ဈေးဝယ်နိုင်ခြင်း၊ Bill ပေးဆောင်ခြင်း၊ ငွေဖြည့်မှုများဆောင်ရွက်ခြင်းတို့ကိုလည်းရောက်ရှိသည့်နေရာ သို့မဟုတ် နေအိမ်မှာပင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့အပြင် အင်တာနက်ဘဏ်ဝန်ဆောင်မှုဖြင့် ငွေပေးရန်ရပ်ဆိုင်းခြင်း၊ ချက်လက်မှတ်စစ်ဆေးခြင်း၊ ချက်စာအုပ်အသစ်တောင်းဆိုခြင်း၊ ငွေပေးမိန့်များ ဆောင်ရွက်ခြင်း စသည့်ဘဏ်လုပ်ငန်းများကို ကိုယ်နှင့် အနီးဆုံးဘဏ်တစ်ခုအဖြစ် လုံခြုံမှု ပြည့်ဝစွာဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သံလွင်၊ စစ်တောင်း၊ ပဲခူး မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၆

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဩဂုတ် ၄ ရက် နံနက် ၈ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခြောက်စင်တီမီတာ (၀ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဩဂုတ် ၅ ရက် ညနေ ၅ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၀ စင်တီမီတာ (၀ ဒသမ ၇ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ဩဂုတ် ၆ ရက် ၁၂ နာရီခွဲ အချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ **(မိုး/ဇလ)**

❐ ကျောဖုံးမှ

စီမံကိန်းကာလအတွင်းမှာ လည်ပတ်နေတဲ့ လုပ်ငန်းငွေကြေးက ငွေကျပ်သိန်း ၆၀၀၀ ကျော် ကျန်ရှိနေပါသေးတယ်။ ဒေသခံတွေအတွက် အခြားလိုအပ်နေသေးတဲ့ အပိုင်းတွေနဲ့ ဒေသအချို့မှာ ကူညီပြီး သူတို့စနစ်တကျ ကိုင်တွယ်သုံးစွဲစေနိုင်အောင် လေ့ကျင့်ပေးလိုတဲ့အတွက် ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ဦးဝင်းမောင်က ပြောသည်။

ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် ရေရှည်တည်တံ့သည့် စီးပွားရေးစနစ်များ အသားကျလာစေရေးအတွက် စီမံကိန်းကာလကိုတိုးချဲ့ရန် ရည်ရွယ်ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ၅မြို့နယ်နှင့် ကျိန္တလီမြို့နယ်ခွဲတို့အတွင်း စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❖ ကျောဖုံးမှ

(ဒုတိယပွဲ)
ချင်းယူနိုက်တက်-ငါးဂိုး
နေပြည်တော်-ခြောက်ဂိုး

ရှုံး/ထွက်ပြိုင်ပွဲဗိုလ်လုပွဲကို စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

✻ ကျောဖုံးမှ

စခန်းဆီရွှေ့ပြောင်းပေးပြီးပါပြီ။ ကျန်ရှိနေသူတွေကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ နာရေးကူညီမှုအသင်းနဲ့ ကြာပန်းကျေးရွာ ဓမ္မပါလလူငယ်အသင်းတို့က လိုက်လံနှိုးဆော်ပြီး နေရာချထားပေးလျက် ရှိပါတယ်။ ဒုက္ခရောက်နေသူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေကို တော့ ကျေးလက်ကျန်းမာရေးဌာနက ကူညီဆောင်ရွက်ပေးနေပါတယ်” ဟု ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူကပြောသည်။

သက်ဦး(သထုံ)

ရောဝတီအတွက် အနိုင်ဂိုးသွင်းယူခဲ့သူကိုနေး ရတနာပုံဘက်သို့ ဂိုးသွင်းရန် ကြိုးစားနေစဉ်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား

ရေး ဩဂုတ် ၆

ရေးမြို့တွင် မိုးရွာသွန်းမှု အားကောင်းနေသောကြောင့် ဩဂုတ် ၅ ရက် နံနက် ၂ နာရီမှစ၍ ရေးမြစ်ရေလျှံတက်မှု ဖြစ်ပွားရာ မြို့ပေါ်အနိမ့်ပိုင်း ရပ်ကွက်များရှိ လူနေအိမ်များ၊ ဈေး နှစ်ဈေးနှင့် စာသင်ကျောင်းများ၊ စပါးစိုက်ခင်းများ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ရေနစ်မြုပ်ခံနေရသော အိမ်တချို့မှ လူများနှင့် အိမ်မွေးတိရစ္ဆာန်များမှာ အကူအညီလိုအပ်လျက်ရှိပြီး ဈေးပစ္စည်းများကိုလည်း သယ်ယူ ရွှေ့ပြောင်းနေကြသည့်အပြင် ယာယီပုံကျဈေးသည်များလည်း ရွှေ့ပြောင်းရောင်းချနေကြရကြောင်း သိရသည်။

မြို့နယ်ရှိ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများက ကယ်ဆယ်ရေးလုပ်ငန်းပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

မြစ်ရေအခြေအနေမှာ စိုးရိမ်ရေမှတ်အထက် မြင့်တက်လျက်ရှိကြောင်း သိရသည်။

နေမျိုးထွဋ် (ရေး)

လက်ငင်းဆီနည်း၍ ရန်ကုန်ဆီဈေးကွက်ဈေးနှုန်းမြင့်တက်လာ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်ဆီဈေးကွက်တွင် လက်ငင်းဆီ ပမာဏနည်းလာသည်ဟု ဆိုကာ ဩဂုတ် ၅ ရက်တွင် ၁၅၀၅ ကျပ်နှုန်းရှိရာမှ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၀ ကျပ်ဝန်းကျင် ဈေးမြင့်တက်လာရာ ဩဂုတ် ၆ ရက်တွင် လက်ကားတစ်ပိဿာ ၁၅၇၀-၁၅၈၀ နှုန်းဖြင့် ရောင်းချနေကြောင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စားအုန်းဆီနယ်ပို့ အဝယ်တော်တစ်ဦးက ဆိုသည်။

ဩဂုတ် ၁ ရက်တွင် စားအုန်းဆီလက်ကားတစ်ပိဿာ ၁၄၈၅ ကျပ်နှုန်း၊ ဩဂုတ် ၂ ရက်တွင် ငွေကျပ် ၁၄၈၀ နှုန်း၊ ဩဂုတ်လ ၄ ရက်တွင် ၁၄၇၅ ကျပ်နှုန်းသာရှိရာမှ ဈေးကွက်တွင် စားအုန်းဆီ လက်ငင်းနည်းလာသည်ဟုဆိုကာ ဩဂုတ် ၄ ရက် ညနေပိုင်းတွင် ၁၄၈၅ ကျပ်၊ ဩဂုတ် ၅ ရက်တွင် ၁၅၀၅ ကျပ်၊ ဩဂုတ် ၆ ရက်တွင် ငွေကျပ် ၁၅၇၀-၁၅၈၀နှုန်းသို့ ရန်ကုန် စားအုန်းဆီဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်လာသည်ဟု ဆီရောင်းချသူများထံမှ သိရသည်။

ရန်ကုန်ဆီဈေးကွက်တွင် စားအုန်းဆီ ဈေးနှုန်းရက်ပိုင်းအတွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဝန်းကျင်ဈေးမြင့်တက်လာ၍ လက်ငင်းဆီရှိသူများအကျိုးအမြတ်များ ရရှိကြောင်း၊ ပြည်တွင်းစားအုန်းဆီဈေးတက်သော်လည်း ပြည်ပမလေးရှားစားအုန်းဆီ FOBဈေးနှုန်းမှာ ပြောင်းလဲမှုနည်းပြီး တစ်ပိဿာလျှင် ဆိပ်ကမ်းရောက်ဈေးနှုန်း ၁၄၇၅ ကျပ်ဝန်းကျင်သာရှိနေကြောင်း၊ ဩဂုတ် ၁ရက်က FOB တစ်တန်ဈေးနှုန်း ၈၁၀ ဒေါ်လာနှုန်း၊ ဩဂုတ် ၄ ရက်တွင် ၈၀၀ ဒေါ်လာနှုန်း၊ ဩဂုတ် ၅ ရက်နှင့် ၆ ရက် တွင် ၈၀၅ ဒေါ်လာနှုန်းသာရှိကြောင်း ပြည်ပစားအုန်းဆီဈေးနှုန်း စာရင်းများနှင့် ဆီကုန်သည်များထံမှ သိရသည်။

ပြည်တွင်း စားအုန်းဆီဈေးနှုန်းမှာ ပြည်ပဈေးနှုန်းအပြောင်းအလဲပေါ်တွင်သာမက ရန်ကုန်ဆီဈေးကွက်သို့ ဆီကန်များမှထုတ်ပေးမှုအနည်းအများပေါ်မူတည်၍ ဈေးပြောင်းလဲတတ်ကြောင်း၊ ဈေးကွက်တွင် လက်ငင်းစားအုန်းဆီနည်းသည့်အခါ ဈေးနှုန်း မြင့်တက်လာမှုရှိတတ်ကြောင်း၊ ယခုလဆန်းပိုင်းတွင် ပြည်ပမှ စားအုန်းဆီ တင်သွင်းသောကုမ္ပဏီတစ်ခုမှ အရောင်းပိတ်ထားသော်လည်း ဩဂုတ် ၆ ရက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ နှုန်းဖြင့် ပမာဏအနည်းငယ်သာရောင်းချမှုရှိကြောင်း၊ ပုံမှန်ဝယ်နေကျပမာဏ အရေအတွက်အတိုင်းကို ရက်အနည်းငယ်အတွင်း ရောင်းချပေးမည်ဟု အဆိုပါကုမ္ပဏီမှ ပုံမှန်စားအုန်းဆီနေ့စဉ်ဝယ်ယူနေသော နယ်ပို့အဝယ်တော်တစ်ဦးကဆိုသည်။

ရက်ပိုင်းအတွင်း ပြည်ပမှ စားအုန်းဆီသင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်ခြင်း၊ ပြည်ပစားအုန်းဆီဈေးနှုန်းမြင့်တက်မှု မရှိခြင်းတို့ကြောင့် ယနေ့မြင့်တက်သော စားအုန်းဆီဈေးနှုန်းအပေါ် စားသုံးသူများစိုးရိမ်ရန်မလိုဘဲ ဈေးနှုန်းရက်ပိုင်းအတွင်း ပြန်လည်ကျဆင်းလာနိုင်သည်ဟု ဆီဈေးကွက်မှ သိရသည်။

ခင်ဆိုင်

စလင်းမြို့နယ် ပြည်သူ့ဆေးရုံခုတင် ၅၀ အဆင့်တိုးမြှင့်

စလင်း ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပြည်သူ့ဆေးရုံမှာ ယခင်က ၂၅ခုတင် ဆံ့ဆေးရုံဖြစ်ပြီး ၂၀၁၃-၂၀၁၄ခုနှစ်တွင် ခုတင် ၅၀ဆေးရုံအဆင့်သို့တိုးမြှင့် ရရှိပြီးလူနာများအား ကုသပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံအဆောက်အအုံတိုးချဲ့ဆောင်နှင့် ဝန်ထမ်းအိမ်ယာဆောက် လုပ်ရန်အတွက် ခွင့်ပြုငွေကျပ်သိန်း ၁၅၀၀ဖြစ်ပြီး ပထမခွင့်ပြုငွေ ကျပ်သိန်း ၅၀၀ဖြင့် ဆောက်လုပ်နေရာ ၅၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါသည်။ စလင်းမြို့နယ်မှာ ကျေးလက်ကို အခြေခံသောမြို့ဖြစ်ပြီး ကျေးရွာအုပ်စု ၁၀၈အုပ်စု၊ လူဦးရေ၂၈၀၀၀၀ခန့်ရှိသည်။ အများစုမှာ ကျေးလက်နေပြည်သူ ၉၅ ရာခိုင်နှုန်းရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအထူးလိုအပ်လျက်ရှိရာ ကုတင် ၅၀ ဖွဲ့စည်းပုံမှာ ဆရာဝန်ရှစ်ဦး၊ သူနာပြု ၂၃ဦး စုစုပေါင်းဝန်ထမ်းအင်အား ၈၁ဦးဖြစ်ပြီး လက်ရှိအခြေအနေတွင် ဆရာဝန်ငါးဦး၊ သူနာပြု ၂၃ဦးဖြင့် လူနာများကို ကုသပေးလျက်ရှိပြီး ကုတင် ၅၀ဆိုသော်လည်း၄င်းထက်များပြားသောလူနာများကို ကုသပေးလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ပျောက်ဆုံးကြောင်း

Bayan Business Group Trading Co., Ltd

အမည်ဖြည့်စွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း၊ (၁) ရပ်ကွက်နေ ဦးမာလင်ဘီဟာရီရာဟာ ၏သား ၁၂/မရက(နိုင်)၁၇၄၈၂၉ ဦးပရီဒစ်ကူမာရာဟာ(ခ)ဦးမောင်အေးဟု အမည်ဖြည့်စွက်ပါကြောင်း။

ဦးပရီဒစ်ကူမာရာဟာ(ခ)ဦးမောင်အေး

ပျောက်ဆုံးကြောင်း

ခေါင်းအမည်ပြောင်း

တစ်ဦးတည်းဖြစ်ကြောင်း

ဦးဂျူဆန်း၏ သမီး ကျိုင်းတုံမြို့၊ ရပ်ကွက်၄၊ နွဲ့နောနေမနာလား(ခ)ဆဲ(လ်)လီးဆင်းရင်း ၁၃/ကတန(နိုင်)၁၀၉၅၁၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မနာလား(ခ)ဆဲ(လ်)လီးဆင်းရင်း

အမည်ပြောင်း

ဦးကိုကိုလေး ၃/ဘအန(နိုင်)၀၀၅၃၄၁ ၏သမီး ဘားအံမြို့ အလက(၂) ပထမတန်းမှ မနန်းနှင်းဖြူဦးအား မနွယ်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မနွယ်ဝင်း

အမည်ပြောင်း

ဦးကိုကိုလေး ၃/ဘအန(နိုင်)၀၀၅၃၄၁၏ သမီး ဘားအံမြို့ အလက(၂) စတုတ္ထတန်းမှ မနန်းရွှေယမင်းဦးအား မမေပြည့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မမေပြည့်ဖြိုး

လူမမည်သမီးငယ်လေးနှစ်ဦး မိဘနှင့်ကွဲသည်ဟု ယူဆရ၍ ဧရိပ်မွန်(၂) မိန်းကလေးကျောင်းမှ ထိန်းသိမ်းစောင့်ရှောက်

ချောင်းဦး ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ဧရိပ်မွန်(၂) မိန်းကလေးကျောင်းက လူမမည် သမီးငယ်လေးနှစ်ဦးကို ဩဂုတ် ၄ ရက် ညနေ ၆ နာရီမှစ၍ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

ဧရိပ်မွန်(၂)မိန်းကလေးကျောင်းမှ ဆရာလေး ဒေါ်ရူပဝတီက "မနေ့ကညနေ ၆ နာရီခန့်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသိန်း၊ ဧရိပ်မွန်(၂)မိန်းကလေးကျောင်း ကျောင်း အကျိုးတော်ဆောင် မြို့မိမြို့ဖတွေ လာရောက်ပြီး မိဘနဲ့ကွဲကွာနေတယ်လို့ ယူဆရတဲ့ ဒီသမီးငယ်လေးနှစ်ဦးကို ဆရာလေးတို့ ဧရိပ်မွန်(၂)မှာ ယာယီထိန်းသိမ်းစောင့်ရှောက်ထားပေးဖို့အတွက် လာရောက်အပ်နှံခဲ့လို့ ယခုဆရာလေးတို့ကျောင်းမှာ စောင့်ရှောက်ထားပါတယ်" ဟု ပြောပြသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခန့်က ချောင်းဦးမြို့ စည်ပင်သာယာဈေးနှင့် ကပ်လျက်ကံကြီးကျောင်း ဘုန်းတော်ကြီးကျောင်းတံခါးဝတွင် အဆိုပါ သမီးငယ်လေးနှစ်ဦး ငိုနေ၍ ဈေးသူဈေးသားများက မေးမြန်းကြရာ မိဘနှင့်ကွဲကွာပြီး ဈေးအတွင်း ကျန်ရှိသောကြောင့် ကြောက်လန့်စွာ ငိုနေခြင်းဖြစ်၍ ဈေးသူ ဈေးသားများက ချော့မော့ပြီး မိဘများပြန်အလာကို ဈေးပိတ်ချိန်အထိ စောင့်ရှောက်ခဲ့ကြောင်း၊ ဈေးပိတ်ချိန်ရောက်သော်လည်း မိဘများပြန်မလာခြင်းကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ အကြောင်းကြား အပ်နှံပေးခဲ့ကြပြီး ချောင်းဦးမြို့ စည်ပင်သာယာဈေးသူဈေးသားများက သမီးငယ်လေးများအတွက် စားစရာမုန့်များနှင့် အဝတ်အစားများ လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

ဧရိပ်မွန်(၂)မိန်းကလေးကျောင်းတွင် စောင့်ရှောက်ထားသည့် သမီးငယ်လေး နှစ်ဦးအနက် အကြီးမလေးမှာ သွက်လက်စွာ ပြောဆိုတတ်ပြီး အသက်အားဖြင့် နှစ်နှစ်ခွဲ သုံးနှစ်ခန့်ရှိသည်။ ၎င်းက "သမီးနာမည်က ဂျူးဂျူးပါ၊ ညီမလေးနာမည်က ထူးထူး" ဟု ပြောပြပြီး ဖေဖေ ဦးချစ်ကို၊ မေမေဒေါ်သက်ယုဝေ ဖြစ်ကြောင်း၊ "သမီးတို့ ဘယ်ကလာတာလဲ" ဟု မေးမြန်းရာ "သမီးတို့က ဒီနားလေးကလာတာ" ဟု ပြောပြီး "မေမေက မုန့်ဝယ်သွားတာ" ဟုလည်း ပြောပြသည်။

အငယ်မလေးထူးထူးမှာ အသက်အားဖြင့် တစ်နှစ်ခွဲခန့်ရှိပြီး မိခင်နို့မပြတ်သေးသည့်အတွက် ဧရိပ်မွန်(၂) မိန်းကလေးကျောင်းမှ ဆရာလေးများက နို့မှုန့်များ ဝယ်ယူပြီး တိုက်ကျွေးနေရကြောင်း၊ ထူးထူးမှာ "မေမေ့ဆီသွားမယ်" ဟုသာ ငိုနေ၍ ဧရိပ်မွန်(၂)မှ ဆရာလေးများနှင့် မိန်းကလေးငယ်များက ဝိုင်းဝန်း၍ စေတနာအပြည့်ဖြင့် ချော့မော့စောင့်ရှောက်နေကြကြောင်း တွေ့ရှိခဲ့ရသည်။

ဆရာလေး ဒေါ်ရူပဝတီက "သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ညှိနှိုင်းပေးမှုအရ တစ်လအတွင်း သမီးငယ်လေးတွေရဲ့ မိဘဆွေမျိုးများ မပေါ်ပေါက်ခဲ့ဘူးဆိုရင် ဧရိပ်မွန်(၂)မိန်းကလေးကျောင်းမှာ စာရင်းသွင်းပြီး ကျောင်းသူအဖြစ် လက်ခံမှာဖြစ်ပါတယ်" ဟု လည်း ပြောပြသည်။

ချောင်းဦးမြို့နေ ပြည်သူများကလည်း သမီးငယ်လေးများ၏ ဖြစ်စဉ်ကို စိတ်ဝင်စားနေကြပြီး မိဘဆွေမျိုးများနှင့် အမြန်တွေ့ဆုံနိုင်ရေး ဆုတောင်းပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မှ နေပြည်တော်သို့ မြို့ရှောင်လမ်းအတိုင်း ယာဉ်မောင်း ဦး----မောင်းနှင်လာသော ယာဉ်အမှတ် ၇၈/--- Hino ၁၂ ဘီး ယာဉ်သည် ပျဉ်းမနားမြို့ ဘောဂသီရိ ကားဝင်းအနီးအရောက်၌ မြို့ရှောင်လမ်း၏လက်ဝဲဘက်သို့ တိမ်းမှောက်သွားသည်ကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သမဝါယမအသင်းများသို့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

မြောင်းမြ ဩဂုတ် ၆

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဘဝမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့်အညီ စိုက်ပျိုးစရိတ်ချေးငွေများကို မြောင်းမြခရိုင်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က မြောင်းမြမြို့နယ်သမဝါယမအသင်း ၈၆ သင်း၊ အသင်းသား ၆၉၇၁ ဦးအတွက် ထုတ်ချေးငွေကျပ် ၆၉၁၇ သိန်းကို အသင်းစုဉက္ကဋ္ဌ ဦးတင်မောင်ဝင်းအား လည်းကောင်း၊ တိုင်းသမဝါယမအသင်း၊ သမဝါယမလက်ထောက်ညွှန်ကြားရေးမှူးက ဝါးခယ်မမြို့နယ်သမဝါယမအသင်း ၁၂၀၊ အသင်းသား ၁၁၂၀၆ ဦးအတွက် ချေးငွေကျပ် ၁၁၂၀၆ သိန်းကို မြို့နယ်အသင်းစုဉက္ကဋ္ဌအားလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးက အိမ်မဲမြို့နယ် သမဝါယမအသင်း ၁၄၇ သင်း၊ အသင်းသား ၉၁၉၀ အတွက် ထုတ်ချေးငွေကျပ် သိန်း ၉၁၉၀ ကို မြို့နယ်အသင်းစုဉက္ကဋ္ဌသို့လည်းကောင်း ပေးအပ်ကာ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို အသင်းသားများကိုယ်စား အသင်းဝင်တစ်ဦးအား ထပ်ဆင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင်အတွင်းရှိ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ကြောင့် လယ်ယာစိုက်ပျိုးမှု နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ရည်ရွယ်၍ သမဝါယမဝန်ကြီးဌာနမှ အတိုးနှုန်းသက်သာစွာဖြင့် ခရိုင်အတွင်းရှိစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၃၃၂ သင်း၊ အသင်းသားဦးရေ ၂၇၃၆၇ ဦးအတွက် ယခုပြုလုပ်သော စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲတွင် ငွေကျပ်သိန်းပေါင်း ၂၇၃၁၃ ကိုထုတ်ချေးပေးခဲ့ကြောင်း သိရပြီး တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ထောက်ပံ့မှုရရှိ၍ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အောင်မင်း(iprd)

ဖန်းမော်တက္ကသိုလ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဖန်းမော် ဩဂုတ် ၆

ကချင်ပြည်နယ် ဖန်းမော်တက္ကသိုလ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရည်ရွယ်၍ Mini Forest သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၄ ရက် ညနေ ၄ နာရီက တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်နှင့် သင်ကြားရေး၊ စီမံရေးဌာနများမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံအရာရှိများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၆၀ ကျော်တို့သည် တည်း ၃၅ ပင်၊ လိုက်ချီး ၃၅ ပင်၊ သရက် ၃၅ ပင် စုစုပေါင်း ၁၀၅ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

စေတနာအရင်း ခိုင်မာခြင်း လှပဆန်းသစ် ဒီဇိုင်းများနှင့် စိတ်ချယုံကြည်
MTP M.T.P Construction Co., Ltd.
(LC-34/282)
Myanmar Top Power Construction & Home Decoration Centre

အဆောက်အအုံအင်္ဂါရပ်များ
- MAT System Foundation
- Room Type အခန်းဖွဲ့စနစ်ဧရိယာ (၁၃၆၅) စတုရန်းပေ (2-Master Bed, 1-Double Bed,Living,Dinning & Kitchen)
- တစ်ခန်းလျှင် တစ်စီးနှုန်း ကားရပ်နားရန်နေရာ
- ၁၀ ယောက်စီး ဓါတ်လှေကား (၁) စင်း
- Stand By Generator (၁) လုံး
- အဝီစိရေကန်နှင့် over head steel tank(1000 litres)
- ကိုယ်ပိုင်ရေစက်၊ ကိုယ်ပိုင်မီတာ
- ၂၄ နာရီ လုံခြုံရေးစနစ် စသည်တို့ ပါဝင်ပါမည်။

Address: No.233/235, 32nd St, Pabedan Tsp, Yangon, Myanmar
PH: 01386802(Fax), 388415(Office) HP: 095011446, 09 73204167
Email:info@mtp-construction.com Web:www.mtp-construction.com

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရှေးဟောင်းသိမ်အလျှတော်ရေစက်ချပွဲကျင်းပ

မန္တလေး ဩဂုတ် ၆

ပျက်စီးယိုယွင်းနေသော ရှေးဟောင်းသမိုင်းဝင်သိမ်နှင့် ချုံနွယ်ပိတ်ပေါင်းများကြားတွင် ပျက်စီးပျောက်ကွယ်လုဖြစ်နေသော ရှေးဟောင်းသိမ်တို့ကို မန္တလေးမြို့ ရွှေမြေအောင်မိသားစုက ပြန်လည်ပြုပြင်တည်ထားရာ ဩဂုတ် ၁ ရက်တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ သိမ်အလျှုတော် ရေစက်ချတရားပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက တစ်ပြိုင်နက် သိမ်နှစ်သိမ်တို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမန္တလေး အောင်မြေသာစံမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက် ညောင်ကွဲရပ် (၁၁)လမ်းထိပ်ရှိ တန်ခိုးကြီးသမိုင်းဝင် ရှင်အရဟံသိမ်၌ သိမ်တိုင်များ၏ အောက်ခြေများ ဟောင်းနွမ်းဆွေးမြည့် ပျက်စီးမှုများ ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းနှင့် စစ်ကိုင်း၊ မင်းကွန်းသွား ကားလမ်းနှင့် ဧရာဝတီမြစ်ကြား ခိုတောင်ရွာနှင့် လက်ပန်ရွာကြား လျှိုမြောင်များကြားတွင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသော လင်းလွန်းပင်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသိမ်ပျက်ကို အလျှုရှင်အိမ်ခြံမြေအကျိုးဆောင် ဦးထွန်းနိုင်-ဒေါ်မိုးမိုးခိုင် မိသားစုက ပြန်လည် တည်ထားကိုးကွယ်ရန် ပြုပြင်မွမ်းမံခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ရှင်အရဟံသိမ်တော် ရေစက်ချ အခမ်းအနားတွင် တရားပွဲများထည့်သွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၆-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၁၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၀၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၆၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၁၃၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉-၉၇၄
ဥရောပ	တစ်ယူရို	၁၂၉၄-၁၃၁၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၄
ထိုင်း	တစ်ဘတ်	၃၀.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၈၀၀၀-၁၈၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၇၀-၁၅၈၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၇၅-၁၄၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၂၇၀-၅၈၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၅၀၀-၂၆၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၁၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပရဟိတလုပ်ငန်း၌ သုံးရန် ဒုတိယအကြိမ် မော်တော်ယာဉ်လှူဒါန်း

ရွှေတောင် ဩဂုတ် ၆

ရွှေတောင်မြို့နယ် မြောက်ဘုရားကြီးလမ်းနေ ဦးဝိုင်းတင်-(ဒေါ်တင်တင်သန်း)၊ သမီး မခိုင်သန္တာလင်း (မြေး) မမိုးမြင့်သုခ၊ မောင်အုဋ္ဌမင်းခ၊ မယွန်းဆုမြတ်လင်း မိသားစုက ရွှေတောင်မြို့ ပရဟိတနာရေးကူညီမှုအသင်းသို့ ပရဟိတလုပ်ငန်းများ အသုံးပြုရန် (ဒုတိယအကြိမ်) တန်ဖိုးငွေကျပ် သိန်း ၈၀ ရှိ H.S.E.1510 ယာဉ်ကို လှူဒါန်းခြင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၆ နာရီခွဲက ရွှေတောင်မြို့ ကသဲတန်းလမ်း သာသနာ့ဗိမာန် တော်ကြီးအတွင်းရှိ (ဘောဇနဆောင်)၌ ကျင်းပခဲ့သည်။

ထို့နောက် အလှူရှင်မိသားစုတို့က ရွှေတောင်ချည်မျှင် အထည်စက်ရုံ ဝန်ထမ်းမိသားစု ပရဟိတနာရေးကူညီမှုအသင်းသို့ ငွေကျပ်ငါးသိန်း၊ တန်ဖိုးငွေကျပ်သိန်း ၈၀ ရှိ H.S.E. 1510 ယာဉ်ကို ရွှေတောင်မြို့ ပရဟိတလုပ်ငန်းများ အသုံးပြုရန် ဒုတိယအကြိမ် ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးဝင်းလွင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(၁၁၆)**

တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့်ပတ်သက်၍ရှင်းလင်းဆွေးနွေး

ပဲခူး ဩဂုတ် ၆

နိုင်ငံတော်၏ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၏ မှာကြားချက်များကို ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်းက ခရိုင်/ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးတွင် တိုင်းဒေသကြီးရုံး၊ ခရိုင်/ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ တက်ရောက်ခဲ့ကြသည်။

တိုင်းမြေစာရင်း

ယာဉ်မောင်းအလိုရှိသည်

ပြည်တော်မိုးကုမ္ပဏီတွင် ယာဉ်မောင်းလိုင်စင်(အနီ) နှစ်ဦးအလိုရှိသည်။ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံတစ်ပုံနှင့် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၁၃၄၀၁၊ ၀၉-၇၃၁၅၀၁၂၂၊ ၀၉-၇၃၁၅၀၁၁၄၊ ၀၁-၅၄၈၂၉၇

အမှတ် (၈)၊ အေးသာယာလမ်း၊ တာမွေ၊ ဘောက်ထော်၊ အဝိုင်းလေး

အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပိုင်အောက်ဖော်ပြပါ အမှတ် ၁၀၄/၁၀၈၊ ကမ်းနားလမ်း၊ အလုံမော်တော်ယာဉ်ဝင်းရှိ အဆောက်အအုံလေးလုံးနှင့် မြေကွက်လွတ်တို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်းခြောက်လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

Lot(1) (က) နှစ်ထပ်ရုံး တစ်ရုံး(၄၅'×၁၄')၊ ယာဉ်ရပ်နားရုံတစ်ရုံ(၇၇'×၇၂')၊ စက်ပစ္စည်းသိုရုံတစ်ရုံ (၆၁'×၃၁') ယာဉ်ပြင်အလုပ်ရုံတစ်ရုံ(၇၁'×၈၇')၊ မြေကွက်လွတ် ဧရိယာ ၆၅၇ စတုရန်းမီတာ

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၈-၂၀၁၄ရက်မှ၁၃-၈-၂၀၁၄ ရက်အထိ
အချိန် - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

(ဂ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁၄-၈-၂၀၁၄ ရက် ၁၂း၀၀နာရီ

(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၈-၂၀၁၄ ရက် မွန်းလွဲ ၁၃း၀၀နာရီ

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ အမှတ် ၂၆၈/၃၁၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(စ) **Depositပေးသွင်းရမည့်နေရာ** - Depositငွေကို တင်ဒါပုံစံတစ်စောင်လျှင် ငှားရမ်းခြင်းအတွက် ကျပ်သိန်း ၈၀၀ နှုန်းဖြင့် မြန်မာနိုင်ငံသားများဘဏ်(နေပြည်တော်) (ရန်ကုန်မြို့)တို့တွင် P.O Cheque ဝယ်ယူ ပေးသွင်းရမည်ဖြစ်ပါသည်။

(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၅၂၊ နေပြည်တော်

(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်

၂။ အဆိုပါငှားရမ်းရန်အတွက် မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၂၂၂၄၈၊ ၂၁၆၄၂၀၊ ၂၅၄၀၁၉သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာ့စီးပွားရေးဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့စီးပွားရေးဘဏ်တွင် သုံးစွဲမရတော့သည့် စက်ပစ္စည်းနှင့်ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ရာ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများ ၇-၈-၂၀၁၄ရက်မှစ၍ တင်ဒါပုံစံများဝယ်ယူနိုင်ပြီး ၁၅-၈-၂၀၁၄ရက် ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသဖြင့် တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)
စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၂၁၀၃၀၊ ၀၆၇-၄၂၁၀၃၁

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ ကျွန်စစ်သားလမ်း၊ အမှတ်(၄၉၃)၊ ဧရိယာ ပေ၂၀×ပေ၆၀ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ဦးဌေးဦးဇော်၁၂/အစန(နိုင်)၀၅၄၆၁၂နှင့်အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်လင်း ၁၂/အစန(နိုင်)၀၅၄၇၂၅ နှင့် အစ်ကို ဦးဌေးဦးဇော်တို့၏ မိဘများဖြစ်ကြသော ဦးစံငြိမ်းနှင့်ဒေါ်ခင်ငြိမ်းတို့ ပိုင်ဆိုင်ခဲ့သောပစ္စည်းများ ဖြစ်ကြပါသည်။

၂၇-၁၁-၂၀၀၃ရက်တွင် ဖခင် ဦးစံငြိမ်း ကွယ်လွန်ခဲ့ပြီးနောက် ၁-၇-၂၀၁၄ ရက်တွင် မိခင် ဒေါ်ခင်ငြိမ်း ထပ်မံကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ ထိုပစ္စည်းများ၏ အကျိုးခံစားခွင့်အားလုံးမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်လင်းနှင့် ဦးဌေးဦးဇော်တို့မှ အမွေဆက်ခံပိုင်ခွင့်ရှိပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်သည် ညီအစ်ကိုနှစ်ဦး၏ အမွေဆိုင်အိမ်ဖြစ်သော်လည်း အစ်ကိုဖြစ်သူ ဦးဌေးဦးဇော်တို့မိသားစု နေထိုင်လျက်ရှိကြပါသည်။

သို့ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်လင်း၏ တရားဝင်ခွင့်ပြုချက်မပါရှိဘဲ အခြားတစ်ဦးဦးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးအပ်ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်းအပါအဝင် အခြားမည်သည့်လွှဲပြောင်းမှုတစ်စုံတစ်ရာကိုမျှ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၀၇)
အမှတ် ၅၂၉၊ စိတ္တသုခလမ်း၊ (၁၅၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊
ဖုန်း-၀၉-၈၆၁၇၂၄၂၊ ၀၉-၂၅၀၃၆၅၉၃၇

ပြင်ဦးလွင်မြို့
မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား
၂၀၁၄ခုနှစ် (၁၀)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်
တင်ဒါလုပ်ငန်းအရပ်ရပ်အတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြင်ဦးလွင်မြို့၊ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတွင် ၂၀၁၄ခုနှစ် (၁၀) ကြိမ်မြောက် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကြီးကို မြန်မာသက္ကရာဇ် ၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်၊ ခရစ်နှစ် ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၃ ရက်မှ ၇ရက်အထိ (၅)ရက်တိုင်အောင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ တန်ဆောင်တိုင်ပွဲတော် တင်ဒါလုပ်ငန်းအရပ်ရပ်ဖြစ်သည့် ဈေးဆိုင်ခန်းဆောက်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ယာဉ်ရပ်နားစခန်းလုပ်ကိုင်ခွင့်လုပ်ငန်း၊ လျှပ်စစ်မီးလုပ်ကိုင်ခွင့်လုပ်ငန်းနှင့် ရေ/ မိလ္လာ/သန့်ရှင်းရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းရပ်များအတွက် တင်ဒါလုပ်ငန်း လုပ်ကိုင်လိုသူများသည် ၁၃-၈-၂၀၁၄ ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထားပြီး မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားဂေါပကရုံးသို့ လာရောက်၍ စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀နှုန်းဖြင့် ဝယ်ယူကြရန်နှင့် တင်ဒါရွေးချယ်ရေးအခမ်းအနားကို ၁၅-၈-၂၀၁၄ ရက် နံနက် ၀၉း၀၀ နာရီတွင် ဂေါပကရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးနှင့် သုံးစွဲမှုလုပ်ငန်းကော်မတီ

ရောင်းမည်

သာကေတမြို့နယ်၊ ၉ ရပ်ကွက်၊
ရတနာပုံ ၁ လမ်း၊
မြေညီထပ်တိုက်သစ် အကျယ်အဝန်း
ပေ(၁၈×၅၅) အမြင့် ၁၇ ပေ၊
သိန်း-၁၅၀၀
ဆက်သွယ်ရန်ဖုန်း-
၀၉-၄၄၈၀၀၀၃၄၈

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် NCCT အဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၆

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့သည် ဩဂုတ်၃ ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ အလွတ်သဘော တွေ့ဆုံဆွေးနွေးကြရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးသိန်းဇော်တို့ ဦးဆောင်သည့်အဖွဲ့နှင့် NCCT အဖွဲ့ ခေါင်းဆောင် ဦးနိုင်ဟံသာနှင့် အဖွဲ့ဝင်တို့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် လိုင်ဇာညီလာခံမှ ပေးလိုက်သည့် အချက်များအပေါ် မူတည်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီဝင်များနှင့်တွေ့ဆုံပွဲကို နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးလုပ်ငန်းများကို အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပွင့်လင်းသည့် ခေတ်စနစ်နှင့်အညီ ပြည်သူကိုဗဟိုပြု၍ ဆောင်ရွက်သည့်အတွက် တိုးတက်မှုများရရှိလာပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တစ်ဆင့်ခြင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံရေးပါတီများ အနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ IDP စခန်းများရှိ အိမ်ထောင်စုများကို နေရာပြန်လည် ချထားပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပါတီအားလုံးအတွက် နိုင်ငံရေးဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် ပါတီအားလုံးက ညီညွတ်စွာ ပူးပေါင်းပါဝင်ကြရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်ကြသည့် နိုင်ငံရေးပါတီဝင်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍၎င်းတို့၏ အမြင်သဘောထားများကို အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်၊ MPC အဖွဲ့ဝင်များနှင့် ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီရုံးချုပ်ရှိ ပါတီဥက္ကဋ္ဌများ၊ ပါတီအတွင်းရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ဝန်ထမ်းစွမ်းရည်မြှင့် နည်းပညာသင်တန်းဖွင့်

မော်လမြိုင် ဩဂုတ် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)အစီအစဉ်ဖြင့် ဝန်ထမ်းစွမ်းရည်မြှင့် နည်းပညာပေးသင်တန်းကို မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ(၂)တွင် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးထင်အောင်ရှိန် ခေါင်းဆောင်သော ဒေါ်မြင့်နုသွင်(သီးနှံကာကွယ်ရေး)၊ ဒေါက်တာလှလှမြင့် (ဥယျာဉ်ခြံသီးနှံ)၊ ဒေါ်လဲ့လဲ့(မျိုးစေ့ဌာနခွဲ)တို့ ပါဝင်သည့်အဖွဲ့မှ စပါးသီးနှံသိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူများ ဝင်ငွေတိုးစေမည့် အမယ်သစ်သီးနှံသိပ္ပံနည်းကျစနစ်များ၊ စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်နိုင်သည့် နည်းပညာများ၊ အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်သုံးစွဲရေးနည်းပညာများ၊ ဘက်စုံသီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းအောင် သုံးစွဲနည်းနှင့် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ပြဿနာများ၊ ဥယျာဉ်ခြံသီးနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။ **သိန်းလှိုင်(မော်လမြိုင်)**

သံတွဲမြို့တွင် ရေကြီးနစ်မြုပ်မှုထပ်မံ၍ ဆက်လက်ဖြစ်ပွား

သံတွဲ ဩဂုတ် ၆

သံတွဲမြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် သံတွဲချောင်းရေကြီးမှုကြောင့် ဩဂုတ် ၆ ရက် နံနက် ၈ နာရီမှစတင်၍ ရေကြီးမှုဖြစ်ပွားခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် သံတွဲမြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ ရေကြီးနစ်မြုပ်နေအိမ်များ၊ စပါးခင်းများ၊ အိမ်မွေးတိရစ္ဆာန်များ ရေဘေးနစ်မြုပ်ဒဏ်ခံနေရသည်။ အဆိုပါ ရေကြီးနစ်မြုပ်မှုသည် ဇူလိုင် ၁၉ ရက်က ပထမအကြိမ် ရေကြီးနစ်မြုပ်မှုထက် ပိုမိုနစ်မြုပ်၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်လျက်ရှိသော နေရာများသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကံဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများ သွားရောက် ကြီးကြပ်လျက်ရှိပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များက ယာယီပြောင်းရွှေ့ရန် သတ်မှတ်ထားသော နေရာများသို့ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ကုတ်မြို့တွင် ချောင်းရေကြီးမှုကြောင့် မိန်းကလေးတစ်ဦး ချောင်းရေနှင့်မျောပါ၍သေဆုံး

တောင်ကုတ် ဩဂုတ် ၆

တောင်ကုတ်မြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၆ရက် နံနက် ၅နာရီမှစ၍ မြို့နယ်အတွင်းရေကြီးရေလျှံမှု စတင်ဖြစ်ပွားလျက်ရှိသည်။ ချောင်းရေလျှံမှုကြောင့် ဝက်ကျိတ်ကျေးရွာအုပ်စု သာယာအေးကျေးရွာနေ အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦး ချောင်းအတွင်း မျောပါသေဆုံးကြောင်း သိရသည်။

၎င်းရေကြီးမှုကြောင့် တောင်ကုတ်မြို့နယ်အတွင်းရှိ ကံပိုင်ရပ်ကွက်၊ အမ်းလမ်းရပ်ကွက်၊ ညဈေးကွက်သစ် မြေနိမ့်ပိုင်းဒေသနှင့် လူနေအိမ်အချို့ ရေကြီးနစ်မြုပ်သွားခဲ့ပြီး သဘောာဆိပ်ကမ်းရှိ အန္တရာယ်ဖြစ်နိုင်သည်ဟု စည်ပင်သာယာရေးမှ တားမြစ်ထားသည့် လူနေအိမ်အချို့ ချောင်းထဲ မျောပါပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်လျက်ရှိသောနေရာများသို့ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူကယ်ပြန်အဖွဲ့ဝင်များ သွားရောက်၍ အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း ဒေသကြီး တွံတေးမြို့နယ်၌ ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီခွဲအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အနိမ့်ပိုင်း လူနေရပ်ကွက်အချို့နှင့် မြို့တွင်းလမ်းများပေါ် ရေလွှမ်းမိုးနေစဉ်။

မျိုးလှိုင်(တွံတေး)



နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

ကွန်မြူနတီဒိုင်း ဘယ်သူဆွတ်ခူးမလဲ

မိုးမြင့်လင်းလက်

၂၀၁၄-၂၀၁၅ ပရီမီယာလိဂ်ရာသီအကြို ကွန်မြူနတီဒိုင်း ဘောလုံးပြိုင်ပွဲကိုတော့ ဩဂုတ် ၁၀ ရက်မှာ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးနဲ့ အက်ဖ်အေဖလားချန်ပီယံ အာဆင်နယ်တို့ လန်ဒန်မြို့ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကြတော့မှာ ဖြစ်ပါတယ်။

ဒီပွဲဟာ မကြာခင်စတင်တော့မယ့် ပရီမီယာလိဂ်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံ မန်စီးတီးရဲ့ ခြေစွမ်းဟာ ချန်ပီယံဖလားကို ကာကွယ်နိုင်မလားအကဲခတ်ရမှာဖြစ်သလို အာဆင်နယ်တို့ကလည်း ပရီမီယာလိဂ်ဖလားကို ရယူနိုင်တဲ့ စွမ်းဆောင်မှုရှိမလားဆိုတာတွေပါ သုံးသပ်နိုင်မှာဖြစ်ပါတယ်။

၁၉၀၈ ခုနှစ်ကတည်းက အမည်အမျိုးမျိုးနဲ့ ကျင်းပခဲ့တဲ့ ဒီပြိုင်ပွဲဟာ ထိပ်တန်းအသင်းတွေအတွက် လာမယ့်ဘောလုံးရာသီမှာ အတိတ်ကောင်းနိမိတ်ကောင်းဖြစ်စေမယ့်ဖလားအဖြစ် ရအောင်ယူဖို့ အပြင်းအထန်ကြိုးစားယှဉ်ပြိုင်ကြလေ့ရှိတဲ့ ပြိုင်ပွဲလည်းဖြစ်ပါတယ်။

ရင်ဆိုင်တွေ့ကြမယ့် ဒီနှစ်သင်းရဲ့အနေအထားတွေကို ကြည့်ရင်တော့ မန်စီးတီးအသင်းဟာ လူသစ်တွေဖြစ်တဲ့ အာဆင်နယ်နောက်ခံလူ ဆက်ဂ်နာ၊ ပေါ်တူဂီကလပ်မှ ဘရာဇီးကွင်းလယ်ကစားသမား ဖာနန်ဒို၊ မာလာဂါအသင်းမှ အာဂျင်တီးနားဂိုးသမား ကာဘယ်လာရို၊ နယူးယောက်စီးတီးအသင်းမှ ချယ်လ်ဆီးကွင်းလယ်ကစားသမားဟောင်း လမ်းပတ်တို့ကို ခေါ်ယူအားဖြည့်ထားပြီဖြစ်ပါတယ်။

မန်စီးတီးရဲ့ရာသီအကြို ခြေစွမ်းပွဲတွေမှာလည်း ရလဒ်ကောင်းပြီး အေစီမီလန်အသင်းကို ဂိုးပြတ်သွင်းအနိုင်ယူထားတာမို့ အာဆင်နယ်တို့ အခက်ကြုံရမှာဖြစ်ပါတယ်။ မန်စီးတီးရဲ့ ကွန်မြူနတီဒိုင်း ပြိုင်ပွဲမှတ်တမ်းကိုကြည့်ရင် လေးကြိမ်ဆွတ်ခူးထားနိုင်တာမို့ နည်းပြပယ်လီဂရီနီရဲ့ မန်စီးတီးဟာ အခုပြိုင်ပွဲမှာ ကွန်မြူနတီဒိုင်းကို ရယူနိုင်ဖို့ ရာခိုင်နှုန်းများနေပါတယ်။

အာစင်ဝင်းဂါးရဲ့ အာဆင်နယ်ကလည်း ပြင်ဆင်မှု၊ ကစားသမားအသစ်ခေါ်ယူမှုတွေကို ခြေလှမ်းသွက်သွက်နဲ့ ဆောင်ရွက်နေပါတယ်။ အာဆင်နယ်ဟာ ဘာစီလိုနာအသင်းရဲ့ ချီလီတောင်ပံကစားသမား ဆန်းချက်ဇ်၊ နယူးကာဆယ်မှ ပြင်သစ်နောက်ခံလူ ဒီဘူချီ၊ နီးစ်အသင်းမှ ကိုလံဘီယာဂိုးသမား အော့စ်ပီနာ၊ ဆောက်သမ်တန်အသင်းမှ အင်္ဂလန် ယူ-၁၉ နောက်ခံလူ ကလမ်ချမ်ဘားစတဲ့ ကစားသမားအသစ်တွေ ခေါ်ယူစုဖွဲ့ထားတဲ့အသင်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ မကြာခင်က ပြီးစီးသွားတဲ့ အီးမရိတ်ဖိတ်ခေါ်ဖလားပြိုင်ပွဲမှာ အိမ်ရှင်ဖြစ်ပေမယ့် ဖလားလက်လွှတ်ခဲ့ရတဲ့အတွက် အခု ကွန်မြူနတီဒိုင်းကို ရအောင်ယူဖို့ ကြိုးစားမှာဖြစ်ပါတယ်။ အာဆင်နယ်ဟာ ကွန်မြူနတီဒိုင်းကို (၁၂)ကြိမ် ရယူထားနိုင်တဲ့အသင်းမို့ ဒီပြိုင်ပွဲဟာ အကြိတ်အနယ်ရှိမှာ သေချာတဲ့ပွဲပါပဲ။

ခြေစမ်းပွဲစဉ်နှင့် ယူရိုပါလိဂ်ပွဲစဉ်များ

သီဟ

နိုင်ငံခြေစမ်းပွဲ			**ဩဂုတ် ၇**
ပီရူး	-	ပနားမား	နံနက် ၇း၃၀
နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ			**ဩဂုတ် ၇**
ဂွတ်ဒါလာဂျာရာ	-	အေစီမီလန်	နံနက် ၇း၃၀
Europa League Qualification			**ဩဂုတ် ၇/၈**
အက်စ်ဂျက်	-	ရက်ရှော်ဖိုး	ည ၁၀း၃၀
မိုဒီ	-	ဇိုရာ	ည ၁၀း၃၀
လစ်ဘာရေ့စ်	-	အက်စ်ထရာ	ည ၁၀း၃၀
ပေါ်တန်	-	PSV	ည ၁၁း၃၀
ရိုစင်ဘော့	-	ကာရာဘက်စပေါ်	ည ၁၁း၃၀
ပါလ်ဇန်	-	ပတ်ထရိုလယ်	နံနက် ၀၀း၃၀
ဘရိုအန်ဘီ	-	ကလပ်ဘရု	နံနက် ၀၀း၃၀
ထရိုပိုလစ်	-	မိန့်ဇ်	နံနက် ၀၀း၄၅
ဟားလ်စီးတီး	-	ထရန်စင်	နံနက် ၁း၀၀
တိုရီနို	-	ဘရွန်းအပိုဂျကာနာ	နံနက် ၁း၀၀
လိုင်ယွန်	-	ဘိုလီဆလက်	နံနက် ၁း၀၀
အဘာဒင်း	-	ဆိုစီဒက်	နံနက် ၁း၁၅
ရီဂျက်ကာ	-	ဗီကင်ဂါ	နံနက် ၁း၄၅

ဇာဗီ လက်ရွေးစင်မှနား

ဘာစီလိုနာနှင့် စပိန်ကွင်းလယ်ကစားသမား ဇာဗီဟာနန်ဒက်ဇ်သည် နိုင်ငံ့လက်ရွေးစင်အဖြစ်မှ အနားယူရန် ကြေညာလိုက်သည်။ အသက် ၃၄ နှစ်ရှိ ဇာဗီသည် စပိန်အတွက် ကမ္ဘာ့ဖလားနှင့် ဥရောပချန်ပီယံဖလားနှစ်လုံးကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ်က စပိန်အသင်းနှင့်အတူ ဥရောပချန်ပီယံဖလားဆွတ်ခူးပေးခဲ့သည်။

ကာဒစ်ကွင်းလယ်လူ ကျူပီအာစာချုပ်

ကာဒစ်ကွင်းလယ်ကစားသမား ဂျော်ဒန်မတ်အား ကျူပီအာက ပေါင် ၆ သန်းဖြင့် စာချုပ်လိုက်သည်။ အသက် ၂၂ နှစ်ရှိ ဂျော်ဒန်မတ်အား ကျူပီအာက လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ မတ်သည် နွေရာသီတွင် ကာဒစ်မှ ကျူပီအာက ခေါ်ယူခဲ့သော ဒုတိယကစားသမားဖြစ်လာသည်။ ၎င်း မတိုင်မီက တိုက်စစ်မှူး စတီဗင်ကော်ကာကို ပေါင် ရှစ်သန်းဖြင့် ကျူပီအာက ခေါ်ယူခဲ့သည်။

လီဗာပူးဂိုးသမား ရေနာ ဘိုင်ယန်မြူးနစ်ရောက်မည်

လီဗာပူးဂိုးသမား ပီပီရေနာအား ဘိုင်ယန်မြူးနစ်က စာချုပ်ရန် သဘောတူလိုက်ပြီဖြစ်သည်။ ဂိုးသမား ရေနာအား စာချုပ်ရန် ဆေးစစ်ဆေးမှုအတွက် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဂျာမန်ကလပ်က တွစ်တာဝက်ဘ်ဆိုက်တွင် ကြေညာထားသည်။

စပိန်ဂိုးသမားရေနာသည် စီမွန်မက်နိုးလက်ကို စာချုပ်လိုက်ပြီးနောက် နည်းပြ ဘရီဒန်းရော်ဂျာလက်ထက်တွင် ရေပန်းစားမှု နည်းလာသည်။ အသက် ၃၁ နှစ်ရှိ ရေနာသည် ၂၀၀၅ ခုနှစ်က မာဆေးဆိုက်သို့ ပြောင်းလာပြီး ပွဲပေါင်း ၃၉၄ ပွဲ ပါဝင်ကစားပေးခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

Yatanarpon Teleport Public Company Limited

Job Vacancy Announcement

Yatanarpon Teleport Public Company Limited (YTP), a leading Telecommunication Services Provider in Myanmar is focusing to provide affordable and premium quality service to its customers. YTP is also driving the market with the latest technology by supporting customer oriented services. In order to fulfill customer needs in telecom market, YTP invited strong, energetic and efficient professional persons for the following positions.

1. Position: Brand Manager Male/Female (1) Post
Requirements:
- Any Degree holder, marketing diploma is preferable
- Age between 25 to 45 years old
- Must have 3 to 5 years marketing and branding experience in business field
- Must have good analytical skills, excellent communication skills, enthusiastic feeling about future potential ideas and good public relation.

2. Position: HR Manager Male (1) Post
Requirements:
- University Degree Holder with HR Diploma (or) MBA, MPA Degree would be preferable
- Age between 30 to 45 years old
- At least 5 years working experience in Human Resources field in Business Organization
- Good command of English and must be computer literate and familiar with Microsoft word, Excel and Power Point
- Must understand HR policies, procedures, employment law, health and safety of staff
- Must administer payroll and maintain employee records and appraisal process and remuneration issues including promotion and benefits

3. Position: Corporate Affairs Manager Male/Female (1) Post
Requirements
- Must have MBA/MPA degree holder
- Age between 30 to 45 years old
- At least 5 years working experience in business management, public relation and financial knowledge as an asset
- Ability to build and maintain relationships and partnerships with outside organizations and with senior executives
- Must have interpersonal skills, able to work under pressure, self-motivated and initiative to achieve corporate objectives
- Must be computer literate and good command of English

4. Position: Purchasing Manager Male/Female (1) Post
Requirements:
- Any Degree holder, MBA degree is preferable
- Age between 30 to 45 years old
- At least 5 years experience in related field
- Good command of English
- Computer literate, preferably using Microsoft Excel, Word and Power Point
- Must understand evaluating bids based on commercial and technical factors

5. Position: Customer Service Manager Male/Female (1) Post
Requirements:
- University Degree Holder, marketing diploma is preferable
- At Least 3 to 5 years in sales and marketing experience in business, IT field is preferable
- Age between 25 to 45 years old
- Must have excellent communication skills and a polite, tactful and friendly attitude
- Must maintain customer satisfaction by providing problem solving resources and managing staff
- Willing to work under pressure, energetic and self-motivated in the workplace

6. Position: Marketing Executive Male/Female (2) Post
Requirements:
- Any Degree holder with 2 years marketing experience, IT and communication field is preferable
- Age between 20 to 35 years old
- Must have strong interpersonal skills, planning, monitoring tasks and excellent communication skills
- Polite, friendly, energetic and willing to work under pressure
- Computer literate, preferably using Microsoft Excel, Word and Power Point
- Good command of English

7. Position: Customer Service Technician Male/Female (3)Post
Requirements:
- Any graduate at least 2 years experience in IT and communication field or A.G.T.I (IT)/A.G.T.I (EC) with experience in related field is preferable
- Age between 20 to 35 years old
- Must have good problem solving skills to handle customer complaints regarding technical service
- Must have better understanding of customer needs

8. Position: System Engineer Male (1) Post
Requirements:
- At least a Diploma/Bachelor's Degree in Engineering (Computer/Telecommunication), Computer Science/Information Technology or equivalent
- Age between 25 to 35 years old
- MCSE/MCSA, VMware Certification, CCNA and Linux Certification is Desirable
- At least 3 years experience in Server Administration, Strong Administration, Trouble Shooting software and hardware related issue
- Good communication skill and comfortable to interact with good command of English

9. Position : Business Development Executive Male (1) Post
Requirements:
- IT related degree/diploma and educated with commercial experience
- Age between 25 to 45 years old
- Motivated individual and excellent team player
- Professional communication and presentation skill in English language
- Good driving experience with driving license is desirable
- 3 to 5 years experience in related field
- Frequent trip if necessary
- Willing to work under pressure and self-initiative to complete the job

10. Position: Marketing Manager Male/Female (1) Post
Requirements:
- University Degree Holder and MBA is more preferable
- Age between 30 to 45 years old
- At least 3 to 5 years experience in relation with marketing
- Fluent or good command of English
- Computer literate, preferably using MS Word, Excel, Power Point and E-mail
- Good prove communication skills, good interpersonal skill and presentation skill

11. Position: Sales Manager Male/Female (1) Post
Requirements:
- University Degree holder
- Age between 25 to 45 years old
- At least 3 years experience in relative field
- Good interpersonal skill, communication skill and presentation skill
- Good command of English (spoken, written)
- Computer literate MS Word, Excel, Power Point and E-mail
- Dedicated team player with the ability to work independently and able to work under pressure

Application Procedure

Interested persons should send an application letter along with a current C.V, 2 ID photos, NRC Card copy, Labor registration card copy, recommendation letter for character reference from Police Station and all copies of educational certificates to the following address not later than (31-8-2014). Only short listed candidates will be contacted for interview.

21, Universities Hlaing Campus, Hlaing Township, Yangon Region, Myanmar.
Tel: 95-1652233,652277, Fax:95-1652244
Email: [illegible]

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြန်မာ့ရေပြင်မှ ရှားပါးဧရာဝတီလင်းပိုင်

ဧရာဝတီလင်းပိုင်ကို သိပ္ပံအမည်အားဖြင့် Orcaella brevirostris ဟုခေါ်ပါသည်။ ၄င်းတို့သည် သမုဒ္ဒရာလင်းပိုင်မျိုးနွယ်ဝင်များ ဖြစ်ပြီး ပင်လယ်ကမ်းခြေနှင့် အနီးအနားမြစ်များတွင် ကျက်စားကြကာ ဘင်္ဂလားပင်လယ်အော်နှင့် အရှေ့တောင်အာရှနေရာအနှံ့တွင် တွေ့ရှိရသည်။ ၁၈၆၆ ခုနှစ်တွင် ဆာရစ်ချတ် အိုဝင်ဆိုသူက ဧရာဝတီလင်းပိုင်ကို စတင်တွေ့ရှိခဲ့ပြီး အိန္ဒိယအရှေ့ဘက်ကမ်းခြေ ဗီရှာကာပတ်တနမ်ဆိပ်ကမ်း၌ ဖြစ်ပါသည်။ ကေလာဝေးလ်ခေါ် ဝေလငါးမျိုးနွယ်ဝင်ဖြစ်ကြောင်း သိရပြီး မြန်မာ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှာ တွေ့ရှိရပါသည်။

အရွယ်ရောက်ပြီးပါက အလေးချိန် ပေါင် ၂၉၀ ရှိပြီး အရှည်အားဖြင့် ၇ ပေ ခွဲခန့်ရှိကာ ထိုင်းနိုင်ငံတွင် ၉ ပေထိ ရှည်လျားသော ဧရာဝတီလင်းပိုင်ကို တွေ့ရှိခဲ့ဖူးသည်။ မိတ်လိုက်နိုင်ရန်အတွက် ခုနစ်နှစ်မှ ကိုးနှစ်အထိ အချိန်ယူရသည်။ ကိုယ်ဝန်ဆောင်ချိန် ၁၄ လအထိကြာမြင့်ပြီး မွေးစမှာ ၃ ပေ ၃ လက်မထိ ရှိကာ ၂၂ ပေါင်ခန့် အလေးချိန်ရှိပြီး နှစ်ပေါင်း ၃၀ အထိ အသက်ရှည်နေထိုင်နိုင်ကြပါသည်။ ငါးဥနှင့်ငါးငယ်များကို အစာအဖြစ်စားသုံးပြီး ပွဲတင်သံ တည်နေရာရှာစနစ်ဖြင့် ဆက်သွယ်သွားလာကြပါသည်။ ရေကူးနှေးပြီး လေ့အနီးမှ လိုက်ကူးလျှင် တစ်နာရီကို ၂၀ မှ ၂၅ ကီလိုမီတာနှုန်းသာ ကူးခတ်နိုင်ပါသည်။ ရေအောက်တွင် စက္ကန့် ၇၀ မှ ၁၅၀ စက္ကန့် ၁၂ မိနစ်အထိ နေနိုင်ကြသည်။ ဧရာဝတီလင်းပိုင်ဟုခေါ်ကြသော်လည်း မြစ်တွင်းနေလင်းပိုင်မဟုတ်ဘဲ ကမ်းခြေအနီးနေ သမုဒ္ဒရာလင်းပိုင်မျိုးများ ဖြစ်ကြသည်။ ရေချိုမြစ်များဖြစ်သော ဂင်္ဂါ၊ မဲခေါင်နှင့် ဧရာဝတီမြစ်များမှာပါ အသက်ရှင်ကျက်စားကြသည်။ အဖိုးတန်ရှားပါး ရေနေသတ္တဝါဖြစ်ပြီး ကောင်ရေအားဖြင့် တစ်ကမ္ဘာလုံးမှာ ၇၀၀၀ ကျော်သာ ကျန်ရှိပြီး လေ့လာမှုများအရ ၉၀ ရာခိုင်နှုန်းကျော်သည် ဘင်္ဂလားဒေ့ရှ်တွင်ရှိပြီး ကျန်ဒေသများတွင် ရှားပါးမျိုးသုဉ်းတော့မည့် အန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီဖြစ်သည်။ ရိုးရာနည်းဖြင့် ငါးဖမ်းသူများအတွက် ဧရာဝတီလင်းပိုင်များက ငါးဖမ်းရာတွင် ပူးပေါင်းကူညီလေ့ရှိကြပြီး ငါးများကို ပိုက်အတွင်းဝင်စေဖို့ ဧရာဝတီလင်းပိုင်များကို အိန္ဒိယတံငါသည်များက ခေါ်လေ့ရှိကြပြီး၊ မြန်မာနိုင်ငံအထက်ပိုင်းရှိ ဧရာဝတီမြစ်တွင်းမှာမူ ဧရာဝတီလင်းပိုင်များက ငါးရှိရာသို့ ကွန်ချက်ပြတတ်ကြသည်ကို ထူးခြားစွာတွေ့ရှိရပေသည်။ ထိုသို့ကူညီရင်းကမှ ပိုက်တွင်ငြိနေသောငါးနှင့် ပိုက်မှပြုတ်ကျလာသော ငါးများကိုသာ စားသုံးလေ့ရှိကြသည်။ ငါးဖမ်းပိုက်ကြီးများဖြင့် ဖမ်းဆီးခြင်း၊ ရှော့တိုက်ငါးဖမ်းခြင်း၊ ပြဒါးဆိပ်သင့်ခြင်း၊ ဆည်များတည်ဆောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခံရခြင်းများကြောင့် ဧရာဝတီလင်းပိုင် တစ်နှစ်ပြီးတစ်နှစ် ကောင်ရေကျဆင်းလာနေပေသည်။ အာရှနိုင်ငံအချို့တွင် ၄င်းတို့ကိုဖမ်းဆီးပြီး လေ့ကျင့်ကာ ဖျော်ဖြေရေးအဖြစ်ပြသခြင်းများကို တွေ့လာရသည်။ ပါးစပ်မှ ရေပန်းထုတ်ခြင်း၊ ချောင်းမြောင်းခုန်အုပ်ခြင်း၊ လက်ခုပ်တီးဟန်ပြုခြင်းများကြောင့်လည်း လူကြိုက်များလျက်ရှိပါသည်။ သို့သော် ၄င်းတို့ကြိုက်နှစ်သက်သော ရေချိုဖြစ်စေရန် ကြိုးပမ်းရသည့်အတွက် စရိတ်စက ကတော့ကြီးမြင့်လှပေသည်။ ၂၀၀၂ အရောက်မှာ အာရှကိုးနိုင်ငံအတွင်း လင်းပိုင်ပြပွဲနေရာပေါင်း ၈၀ အထိ ရှိလာခဲ့သည်။ လင်းပိုင်ဆီထုတ်ယူရန်အတွက် ဗီယက်နမ်နှင့်ထိုင်းတို့တွင် ဖုံးခွဲကာသတ်ဖြတ်သည်အထိ လုပ်ဆောင်ခဲ့ကြသည်များလည်း ရှိခဲ့လေသည်။ အဓိကအားဖြင့် ငါးဖမ်းပိုက်ကြီးများဖြင့် ငါးဖမ်းဆီးရာမှ သေဆုံးခြင်းနှင့် စားကျက်နေရာများ ပျောက်ဆုံးလာခြင်းများကြောင့်ဖြစ်ပြီး ဒေသတွင်းရော နိုင်ငံတကာအဆင့်ပါ ပူးပေါင်းလုပ်ဆောင်ခြင်းများဖြင့် ကာကွယ်ထိန်းသိမ်းခြင်းများကို တဖြည်းဖြည်း လုပ်ဆောင်လာလျက်ရှိပါသည်။ ဆိုက်တီးစ်ခေါ် Convention on International Trade in Endangered Species of Wild Fauna and Flora မှ နိုင်ငံတကာတွင် ကုန်သွယ်ခွင့် တားမြစ်ထားပေသော်လည်း တစ်နိုင်ငံချင်းစီက မိမိတို့ဒေသတွင် အဓိကတာဝန်ယူလုပ်ဆောင်သင့်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်ရှိ ကျန်ရှိခန့်မှန်း ဧရာဝတီလင်းပိုင်ကောင်ရေ ၆၀၀၀ အတွက် ကာကွယ်ရေးဇရိယာများ ဖန်တီးပေးနိုင်ရန် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ကမ္ဘောဒီးယားတွင် ငါးလုပ်ငန်းဥပဒေဖြင့် ကာကွယ်ပြီးဖြစ်သလို ထိန်းသိမ်းရေးနှင့် အသိပညာပေးခြင်းများကို လုပ်ဆောင်လျက်ရှိရာ မြစ်တွင်းလုံခြုံရေးများကိုပါ ချထားသည်အထိ လင်းပိုင်များကို ကာကွယ်ပေးထားသည်။ အိန္ဒိယတွင်လည်း နည်းအမျိုးမျိုးဖြင့် ကာကွယ်ရေးများ လုပ်ဆောင်ထားသလို အင်ဒိုနီးရှားတွင်လည်း ထို့အတူဖြစ်သည်။ လာအိုတွင်လည်း ငါးဖမ်းဆီးမှုများ ကန့်သတ်ခြင်းဖြင့် ကာကွယ်ထားသလို မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းက ၂၀၀၅ ခုနှစ်မှစပြီး မင်းကွန်းနှင့်ကျောက်မြောင်းကြား ဧရာဝတီမြစ် ၄၆ မိုင်အကွာအဝေးကို ကာကွယ်ရေးဇရိယာအဖြစ် သတ်မှတ်ခဲ့ပြီး၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် မလေးရှားတို့မှာလည်း ကာကွယ်မှုအစီအမံများကို အသီးသီးသတ်မှတ်ထားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ဧရာဝတီလင်းပိုင်များအတွက် မြစ်အတွင်းမှာ ၄င်းတို့စားသောက်မည့် အစာရေစာရှားပါးမှုကြောင့် မျိုးသုဉ်းမည့်အန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ကောင်ရေအားဖြင့် ၁၀၀ အောက်သာ ကျန်ရှိတော့ကြောင်း သိရသည်။ ဧရာဝတီလင်းပိုင်များကို မဖမ်းဆီးသော်လည်း ရှော့တိုက်ငါးဖမ်းဆီးမှုများကြောင့် တိုက်ရိုက်(သို့) သွယ်ဝိုက်သော နည်းအားဖြင့် ကောင်ရေလျော့ပါးလာစေပါသည်။ ၂၀၁၂ ခုနှစ်တွင် ကောင်ရေ ၈၆ အထိ ရှိခဲ့သော်လည်း ၂၀၁၄ ဇန်နဝါရီတွင် ကောင်ရေ ၆၃ ကောင်အထိသာ ကျန်ရှိတော့ကြောင်း WCS က ပြောကြားခဲ့သည်။ ငါးဖမ်းနှုန်းကျဆင်းလာသည့်အတွက် တံငါသည်များက ရှော့တိုက်ငါးဖမ်းခြင်းနည်းကို အသုံးပြုလာကြရာ တားမြစ်ဇရိယာအတွင်း ဖမ်းဆီးခြင်းကို အသိပညာပေးကန့်သတ်ထားရသည်။ ယခင်ကတံငါတို့၏ ကွန်ချက်ကိုပြပေးခဲ့ကြသည့် ဧရာဝတီလင်းပိုင်များ တဖြည်းဖြည်းလျော့ပါးလာနေရသည်မှာ ဝမ်းနည်းစရာကောင်းပြီး အတူတကွငါးဖမ်းခြင်း ရိုးရာဓလေ့ ကွယ်ပျောက်လာနေမှုနှင့်အတူ ဧရာဝတီမြစ်ကြီးထဲမှ ဧရာဝတီလင်းပိုင်များကို ကယ်တင်ဖို့ အထူးကို လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ကိုအောင်(ကြည့်မြင်တိုင်)

သတင်းတိုများ

ငါးကန်အတွင်း ရေဆင်းကူးသူတစ်ဦး ရေနစ်သေဆုံး

တောင်ငူမြို့ အမှတ်(၁၂)ရပ်ကွက်တွင် ဩဂုတ် ၃ ရက် ညနေ ၅ နာရီခန့်က ငါးကန်အတွင်းရေဆင်းကူးသူ အမျိုးသားတစ်ဦး ရေနစ်သေဆုံးသွားခဲ့ကြောင်း သိရသည်။ ငါးကန်လုပ်သားဖြစ်သူ ကိုရာဂျူး(၄၂ နှစ်)သည် ငါးကန်အတွင်း ရေဆင်းကူးရာမှ ရေနစ်သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူအမှတ်(၂)နယ်မြေရဲစခန်းမှ ဒုရဲအုပ်လှစိန် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဂါထာကျေးရွာအုပ်စု ဆည်ကြီးကျေးရွာအဝင် ကန့်ဘလူ-ဆည်ကြီးလမ်းဘေး ဝဲယာတစ်လျှောက် သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့/ထောက်ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ကျွန်းပင် ၉၀၀၊ ယူကလစ်ပင် ၆၀၀ နှင့် မဲဇလီပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

တရားမဝင်သစ်စက်နှင့် သစ်များဖမ်းဆီး

သစ်တောဦးစီးဌာန သာယာဝတီခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်းခေါင်းဆောင်၍ နယ်မြေစိုးမိုးရေးနှင့်တရားမဝင်သစ်လုပ်ကိုင်မှုစုံစမ်းရှာဖွေ ဖော်ထုတ်ဖမ်းဆီးရေးကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က အုတ်ဖိုမြို့နယ် ဂုံညင်းတန်းကျေးရွာနှင့် တိမ်မြုပ်ကြီးပြင်တောများအတွင်း တရားမဝင်သစ်စက်သုံးလုံးနှင့်ဆက်စပ်ပစ္စည်းများ၊ တရုတ်ဆိုင်ကယ်နှစ်စီး၊ ဝွန်ဒေါင်း ထော်လာဂျီတစ်စီး၊ ကျွန်းခွဲသားအချောင်း ၃၅၀ ၁ ဒသမ ၇၀၇၀ တန်၊ ကျွန်းတိုင်သုံးလုံး ၀ ဒသမ ၁၅၃၈ တန်၊ အခြားခွဲသားတစ်ချောင်း ၀ ဒသမ ၁၁၀၀ တန်နှင့် အခြားသစ်တစ်လုံး ၀ ဒသမ ၁၀၁၂ တန်တို့ကို အုတ်ဖိုမြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးစောစီးလာနှင့် ခရိုင်/မြို့နယ် သစ်တောဝန်ထမ်းများပါဝင်လျက် ဖမ်းဆီးရမိခဲ့ကြောင်းနှင့်ပိုင်ရှင်ဖော်ထုတ်နိုင်ရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်ထက်(မြန်မာ့အလင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၅၀၇၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/6941 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၀၇၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ MGN-၂၁၄၃၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၃၈၃၄၃ ဂျာလင်း၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးချစ်စမ်းအောင် ၅/မရန(နိုင်)၁၉၅၀၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ဖခင် အမည်မှန်

လားရှိုးမြို့၊ အထက(၆) အဋ္ဌမတန်းမှ မောင်ဇင်ကိုအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင်(ခ)ဦးလေးနိုင် ၉/ညဥန(နိုင်)၁၂၆၀၃၈ ဖြစ်ပါသည်။

မြောက်ဦးဆရာတော်၏ ဝိဇာတမွေးနေ့ပူဇော်ပွဲနှင့် သိက္ခာထပ်

အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏ ဦးစီးပဓာနနာယက မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ ကမ္မဋ္ဌာနစရိယ ဓမ္မကထိက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု၏ သက်တော်(၅၅)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာပွဲကို ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အစဉ်ကြည်ညိုလေးစားကြသော တပည့်ယောဂီ၊ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ပင့်သံဃာအရှင်သူမြတ်အပါး ၂၀၀ တို့အား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့် ကြည်ညိုသဒ္ဒါပွားများနိုင်ကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

အလှူတော်မင်္ဂလာနေ့ရက် - ၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁ ရက် (၂၅-၈-၂၀၁၄ ရက်) တနင်္လာနေ့
ပိဏ္ဍပါတ်ဆွမ်းလောင်း - နံနက် ၄း၀၀နာရီ ပင့်သံဃာ ၅၅၀ ပါး သပိတ်-ဆွမ်း-ဟင်းလုံးစုံပြည့်ဆွမ်းအလှူ
သိက္ခာထပ်သိမ်ဝင်ချိန် - နံနက် ၈း၀၀ နာရီ၊ ကြိမ်စဉ်(၁၁၄၈)ကြိမ်မြောက် သိမ်ဆင်းသံဃာ အပါး ၂၀၀
အလှူတော်မင်္ဂလာအချိန် - နံနက် ၉း၀၀ နာရီ
အလှူတော်မင်္ဂလာနေရာ - မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ နွယ်သာကီလမ်း၊ ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ရန်ကုန်မြို့

တပည့်ယောဂီ ဒါယကာ ဒါယိကာမများ

ပျောက်ဆုံး ကြောင်း

ဇင်မာဦး ၁၀/မဒန(နိုင်)၁၉၈၆၇၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၃၄၁၄၈

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၁၄၈၂၉ V Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းညွန့် ၅/ကလန(နိုင်)၀၁၇၀၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ဂ/၆၄၁၆ Toyota Premio ZZT 240 S/L(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်မွန် ၉/အမရ(နိုင်)၀၅၉၄၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၆၅၇၅ Toyota Hilux LN 112, P/U (4×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း(ခ)ဆေးဆေးမော် ၁၂/လသန(နိုင်)၀၀၀၀၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ တံတားကျေးရွာအုပ်စု၊ တံတားအရှေ့ကျေးရွာနေ ဦးစောမောင်၏သမီးများဖြစ်ကြသော မမဲတူ(ခ) မကြင်ဝင်း၊ မရီရီပြုံး၊ မဖြူအောင်တို့သည် မိဘစကားနားမထောင်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

ဦးစောမောင်
၉/တသန(နိုင်)၀၈၂၁၀၅

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အလယ်တန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ဖွင့်

မြင်းခြံ ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သာပေါင်းကျေးရွာအုပ်စု ပတ္တာ(အနောက်)ကျေးရွာရှိ မူလတန်းကျောင်းအား အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ပညာရေးမှူး ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်တို့က ကျောင်းဆောင်ရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက စက်ခလုတ်နှိပ်၍ ကျောင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို ကျောင်းဆောင်အတွင်း ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဦးတင်ဝင်းက ကျောင်းအဆင့် တိုးမြှင့်ပေးမှုနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းအဆင့်တိုးမြှင့်ပေးမှု အမိန့်လွှာကို ကျောင်းအုပ်ကြီး ဒေါ်မာဆွေဝင်းထံသို့ ပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့်ဇနီး ဒေါ်သန်းသန်းမြင့်တို့က ကျောင်းသုံးဗလာ စာအုပ်ဒါဇင် ၅၀၊ မြို့နယ်အထောက်အကူပြုအဖွဲ့မှ ဦးရှိန်နှင့်ဇနီး ဒေါ်သန်းမြင့် (စိန်ကမ္ဘာ)မှ ကျောင်းသုံးဗလာစာအုပ် ၂၅ ဒါဇင်နှင့် ဦးတင့်လွင်နှင့်ဇနီး ဒေါ်ခင်မေအုန်း (အောင်ကမ္ဘာသစ်စက်နှင့်ရေခဲစက်)တို့က ၂၅ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါ်မာဆွေဝင်းက လက်ခံယူသည်။

ထို့နောက် ကျောင်းအုပ် ဆရာမကြီး ဒေါ်မာဆွေဝင်းက ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဝန်ကြီးနှင့်ဧည့်သည်တော်များကို ပေးအပ်ခဲ့သည်။ ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးဦးကျော်ဆန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ပညာရေးမှူး ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးဘသစ်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့သည်။

ဇော်မျိုးနိုင်(မြင်းခြံ)

ရန်ကုန်လေဆိပ်တွင် ကိုရီးယားနိုင်ငံသား မှားယွင်းယူဆောင်သွားသည့် ခရီးဆောင်အိတ်အား ကူညီစုံစမ်းရှာဖွေ၍ ပိုင်ရှင်ထံပြန်လည်အပ်နှံ

နေပြည်တော် ဩဂုတ် ၆

ဇူလိုင် ၂၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်က အဲအေးရှား လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်လေဆိပ်သို့ရောက်ရှိလာသည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကတုတ်ရွာနေ ကိုထိန်လင်းကျော် ၂၇ နှစ်သည် ပြည်ပဆိုက်ရောက် X-Ray စက်တွင်ဖြတ်သန်းစဉ် ၎င်း၏ကျောပိုးအိတ်သည် X-Ray Roller ပေါ်တွင် မေ့ကျန်ခဲ့ကြောင်း၊ အဆိုပါကျောပိုးအိတ်အတွင်း Cannon အမျိုးအစား ကင်မရာတစ်လုံး၊ ကင်မရာမှန်ဘီလူးသုံးခု၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် အရွက် ၂၀၊ ၅၀ တန်ငါးရွက်၊ Samsung လက်ကိုင်ဖုန်းတစ်လုံး၊ စုစုပေါင်း တန်ဖိုး ငွေကျပ် ၄၅ သိန်းခန့်ပါရှိကြောင်းနှင့် ကူညီစုံစမ်းရှာဖွေပေးရန် ဇူလိုင် ၂၈ ရက် ၁၀း၁၅ နာရီက လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) သို့ လာရောက် အကြောင်းကြားခဲ့သည်။

ယင်းသို့ အကူအညီတောင်းခံမှုကြောင့် လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) မှ တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်လေဆိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရန်ကုန်လေဆိပ်၊ ပြည်ပဆိုက်ရောက်ဆောင်ရှိ CCTV ကင်မရာများအား ပြန်လည်ကြည့်ရှုခြင်း၊ လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် မှားယွင်းယူဆောင်သွားသောခရီးသည်၏ အချက်အလက်များ ရယူခြင်းတို့ ဆောင်ရွက်ခဲ့ရာ ကိုရီးယားနိုင်ငံသားဖြစ်သူ Mr.Manjoo Kuong က မှားယွင်းယူဆောင်သွားခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ သိရ၍ Mr.Manjoo Kuong ဆက်သွယ်ဝင်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကုမ္ပဏီသို့ ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မှားယွင်းယူဆောင်သွားသည့် ကျောပိုးအိတ်ကို ယင်းနေ့ ညနေ ၆ နာရီတွင် Mr.Manjoo Kuong ၏ မိခင်ဖြစ်သူက လေကြောင်း ရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) သို့ လာရောက်အပ်နှံခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူ ကိုထိန်လင်းကျော်ထံသို့ ညနေ ၆ နာရီခွဲတွင် အိတ်အတွင်းပါရှိသည့်ပစ္စည်းများနှင့်အတူ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုရဲ

သတင်းတို

ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ဖြစ်စေရေးကွင်းဆင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ အဖွဲ့ပိုင် ဈေးများတွင် ရောင်းချလျက်ရှိသော အသားငါးများ၊ သီးနှံများနှင့် အခြား စားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆိုးဆေးများအပါအဝင် ကျန်းမာရေး ထိခိုက်စေမည့် ကိစ္စရပ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ရမည်းသင်းမြို့မဈေးအတွင်း ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတာဝန်ရှိ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များလိုက်ပါလျက် စနစ်တကျကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ သားငါးတန်းနှင့်စားသောက်ဆိုင်များ ယင်မနားစေရေး၊ အဖုံးအအုပ်များ စနစ်တကျထားရှိရေး၊ ကျန်းမာရေးဌာနမှ ကျန်းမာရေးနှင့်အညီ ဖြစ်စေရန် စစ်ဆေးခဲ့ကြောင်းသိရသည်။ **တင်ဦး(ရမည်းသင်း)**

ဇေယျမင်္ဂလာကျောင်းတိုက်သို့ မော်တော်ယာဉ်လှူဒါန်း

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အကြည်ဘန်းကျေးရွာတွင် နိဗ္ဗာန်ယာဉ်အဖြစ် အသုံးပြုနိုင်ရန် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နေ ဦးအောင်အောင်နှင့်ညီများဖြစ်သည့် ဦးစိုးမင်းနှင့် ဇနီးဒေါ်မိမိနိုင်၊ ဦးတိုးတိုးနှင့် ဇနီး ဒေါ်နွယ်နွယ်စိုး၊ သမီး အေးချမ်းမြတ်ဖြိုးတို့က NISSAN CAVARA အမျိုးအစား မော်တော်ယာဉ်တစ်စီးကို ဇူလိုင် ၂၅ ရက်က မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌအကြည်ဘန်းကျေးရွာဇေယျမင်္ဂလာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတေဇောဘာသထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(၁၀၁)**

မိတ္ထီလာတက္ကသိုလ်တွင် စစ်တုရင်ပြိုင်ပွဲကျင်းပ

မျိုးဆက်သစ်လူငယ်စစ်တုရင်အားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်ဖြင့် မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။ မိတ္ထီလာ တက္ကသိုလ်အားကစားရုံ၌ ကျင်းပသည့် ၎င်းစစ်တုရင်ပြိုင်ပွဲသို့ သင်္ချာ၊ ရူပဗေဒ၊ သမိုင်း၊ ပထဝီဝင်၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ဘူမိဗေဒစသည့် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၃၈ ဦးပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲဝင် ၃၈ ဦးအနက် ကျောင်းသူ လေးဦး ပါဝင်ကြောင်း သိရသည်။ ပြိုင်ပွဲဝင် မျိုးဆက်သစ်စစ်တုရင်အားကစားသမားများကို ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

နိုင်ငံသားကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်အဆင့် (၆)စီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ အောင်လံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစောလှမောင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၁၊၂၊၃ ရက်များတွင် အောင်လံမြို့နယ် ကလုံမော်ကျေးရွာသို့ သွားရောက်ပြီး အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ဆောင်ရွက်ပေးခဲ့ရာတွင် သုံးရက်အတွင်း လူဦးရေ ၂၃၅ ဦးတို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၁၆)ကြိမ်မြောက် ကမ္မဋ္ဌာနသာမဏေကျော် စာမေးပွဲကျင်းပမည့်ရက်ကြော်ငြာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား၊ မြို့နယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူး၍ (၁၆)ကြိမ်မြောက် ကမ္မဋ္ဌာနရှုသာသနာလင်္ကာရ ကမ္မဋ္ဌာနသာမဏေကျော်စာမေးပွဲကို မြို့လယ်ဓမ္မာရုံ ဓမ္မဗိမာန်တော်ကြီး၌ (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ကနဦးထီးဖြူတော်ဖွင့်အခမ်းအနားနှင့်အတူ ပထမဆင့်၏ အာဂုံပြန်နှုတ်ဖြေစာမေးပွဲကြီးကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (သီတင်းကျွတ်လပြည့်ကျော် ၈၊ ၉၊ ၁၀ရက်) (အောက်တိုဘာ ၁၆၊ ၁၇၊ ၁၈ရက်)များတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် (၃)ဆင့်လုံးအတွက် သဘောရေးဖြေစာမေးပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။ စာအောင်ဘွဲ့နှင်းသဘင်အခမ်းအနားကို (သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) အောက်တိုဘာ ၂၁ရက် (အင်္ဂါနေ့)တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုကြမည့် သာမဏေများသည် ဝင်ခွင့်ပုံစံများ တောင်းယူဖြည့်စွက်ပြီး အတွင်းရေးမှူး ဦးထွန်းအေးလေး၊ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်ရပ်ကွက်၊ တောင်ကြီးမြို့သို့ လိပ်မူ၍ (တော်သလင်းလကွယ်နေ့) စက်တင်ဘာ ၂၃ရက် (အင်္ဂါနေ့)ထက် နောက်မကျစေဘဲ ပေးပို့ကြရန်ဖြစ်ပါသည်။

၃။ ယခုနှစ်ကျင်းပမည့် (၁၆)ကြိမ်မြောက် စာမေးပွဲကြီး၌ တိုင်းနှင့် ပြည်နယ်အသီးသီးမှ သာမဏေများ အပါး(၈၀၀)ကျော် ကြွရောက်ဖြေဆိုကြလိမ့်မည်ဟု ခန့်မှန်းထားရှိပါသဖြင့် စာဖြေသာမဏေများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ စာအောင်ဆု အလှူငွေများကိုလည်းကောင်း၊ စာမေးပွဲကြီးရေရှည်တည်တံ့စွာ ကျင်းပသွားနိုင်ရန်အတွက် ထာဝရငွေပဒေသာပင်အလှူငွေများကိုလည်းကောင်း အထက်ဖော်ပြပါလိပ်စာအတိုင်း သဒ္ဓါတရားထက်သန်စွာဖြင့် ကြွရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် သိရှိလိုသည်များကို မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ ဖုန်း-၀၈၁-၂၁၂၁၆၇၃ နှင့် ၂၀၂၀၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း စာမေးပွဲကျင်းပရေးအဖွဲ့က နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့
တောင်ကြီးမြို့

ပျောက်ဆုံးခြင်း

ကျွန်တော်မောင်ချမ်းမြေ့ဇော် ၁၂/ဒဂမ(နိုင်)၀၁၂၂၇၈၏ သင်္ဘောသား TANKER လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၂၀၀၁၈၇၉၇**

မူလကသစ်ဝိုင် ဆရာတော်ကြီး၏ ဥပနိဿယလမ်းစဉ်နှင့်အညီ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက် မင်္ဂလာဒုံမြို့နယ်တွင် တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယလမ်းစဉ်နှင့်အညီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ) ဦးစီး၍ ဦးဥဇ္ဇောတ (ဓမ္မာစရိယ၊ ဘီအေ)၊ ဦးအဂ္ဂဝံသ(ဓမ္မာစရိယ)နှင့် ဦးနိ(ပါရမီ)တို့မှ (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်နေ့) ၁၀-၈-၂၀၁၄ရက်မှ (ဝါခေါင်လပြည့်ကျော် ၄ရက်) ၁၄-၈-၂၀၁၄ရက်အထိ ငါးရက်တိုင်တိုင် ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပို့ချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်ယောဂီများအနေဖြင့် ၁၀-၈-၂၀၁၄ရက်တွင် စတင်ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ မိမိတို့၏ တစ်ကိုယ်ရေအသုံးအဆောင်များနှင့် ဖျာ၊ ခေါင်းအုံး စသည်များပါ တစ်ပါတည်းယူဆောင်လာပါရန် အသိပေးအပ်ပါသည်။

သာသနနုဂ္ဂဟအကျိုးတော်ဆောင်အဖွဲ့
ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၁၁၂၇၉၊ ၀၉-၄၃၁၈၉၇၆၇၊
၀၁-၆၃၈၀၈၇၊ ၁၀-၉၆၉၉၁၆၃

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ခ)မှ မအိအိခင် ၁၃/မပတ(နိုင်)၀၄၇၀၇၃၏ ဖခင်အမည်မှန်မှာ ဦးအောင်ခမ်း ၁၃/မပတ(နိုင်)၀၁၉၃၁၂ ဖြစ်ပါကြောင်း။ **ဦးအောင်ခမ်း**

အမည်ဖြည့်စွက်ခေါ်ပါရန်

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်နေ ဦးယောန၏သမီး မနှင်းမြတ်ဆု ၁၃/တခလ(နိုင်)၀၈၇၉၄၈အား မနှင်းမြတ်ဆု(ခ)မနန်းနှင်းမြတ်ဆုဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ **မနှင်းမြတ်ဆု(ခ)မနန်းနှင်းမြတ်ဆု**

ရောင်းမည်

တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီးပေါ်၊ ကိုးလွှာ၊
Pent House (၄၈×၇၃) ပေ၊ Sqft-3504
1MB, 1B, 2 A/C, ပါကေးခင်း, Lift
ဖုန်း-၀၉-၅၁၆၀၇၇၈၊ ၀၉-၅၀၈၉၉၄၅

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ အမှတ်(၄၂)၊ ၁၀၁ လမ်း၊ ဦးကျော်ဆွေ၊ ဒေါ်မေရီလှိုင်တို့၏သမီး မခင်မာဆွေ(ခ)ခတီဇာဘီဘီ ၁၂/မဂတ(နိုင်)၀၈၄၉၉၅သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးကျော်ဆွေ ၁၂/မဂတ(နိုင်)၀၆၅၄၉၄
မိခင်-ဒေါ်မေရီလှိုင် ၁၂/မဂတ(နိုင်)၀၃၁၆၃၁

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၄၀၁/၄၀၂၊ အောင်မြေသာယာဘုရားလမ်းနေ ဦးမြခိုင် ၁၂/တမန(နိုင်)၀၆၉၅၇၀၊ ဒေါ်ညွန့်ညွန့်စိန် ၁၂/တမန(နိုင်)၀၂၂၅၅၆တို့၏သမီး မမေသူခိုင် ၁၂/တမန(နိုင်)၁၀၈၉၉၅သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏သဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြခိုင်-ဒေါ်ညွန့်ညွန့်စိန်

စဥ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဖွင့်

စဥ့်ကိုင် ဩဂုတ် ၆

အိုးထိန်းတောင်ကျေးရွာ ပြည်သူများနှင့် စေတနာရှင်အလှူရှင်တို့ စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီး ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာတွင် ဩဂုတ် ၁ ရက်ကကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းစိုးမြင့် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်းသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ မြို့နယ် လျှပ်စစ်မန်နေဂျာ (ပလိပ်) ဦးစိန်မြင့်နှင့်ကျေးရွာမီးလင်းရေးကော်မတီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီး ဦးသန်းစိုးမြင့်က ခလုတ်နှိပ်ပြီး ဓာတ်အား စတင်ပို့လွှတ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးဦးသန်းစိုးမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီး အတွင်းရှိ ကျေးရွာများအားလုံး မီးလင်းရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီးလင်းနိုင်ရေးအတွက် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်နည်းလမ်းဖြင့် မီးလင်းရေးဆောင်ရွက်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စဥ့်ကိုင်မြို့နယ်အတွင်းတွင်လည်း ကျေးရွာများ မီးလင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်အတွင်းတွင် မီးလင်းပြီး ကျေးရွာ ၈၃ ရွာရှိ၍ ဆောင်ရွက်ဆဲရွာ ၃၀ ရှိပြီး ဆောင်ရွက်ရန်ကျန်ကျေးရွာများလည်း မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ဝင် ဦးထွန်းကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အိုးထိန်းတောင်ကျေးရွာ မီးလင်းရေးအတွက်အလှူရှင် ဦးစိုးမြင့်-ဒေါ်ညိုအေးမိသားစုက ငွေကျပ် ၂၅ သိန်းနှင့် အမိဒေါ်တင်အေးက ငွေကျပ်သိန်း ၅၀ စုပေါင်းကာ 200 KVA ထရန်စဖော်မာကို မတည်လှူဒါန်းပေးခဲ့ပြီး ကျေးရွာစုပေါင်းထည့်ဝင်ငွေများဖြင့် ငွေကျပ်သိန်းပေါင်း ၃၈၀ ကျော် အကုန်အကျခံကာ 11 KV ဓာတ်အားလိုင်းဖြင့် အိမ်ခြေပေါင်း ၁၁၀ ရှိရာ ၆၇ အိမ် မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ဟိုပင်၌ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ဟိုပင် ဩဂုတ် ၆

ကချင်ပြည်နယ် ဟိုပင်မြို့ မြသီတာရပ်ကွက်၌ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက အရှည်ပေ ၃၅၀၀၊ အနက် ခုနစ်ပေ၊ အကျယ် ၆ ပေရှိ မြို့ရေဆိုးထုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူ၊ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ စည်ပင်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့် ဖော်ပြ

ရွာလေးအခြေခံပညာမူလတန်းကျောင်းဖွင့်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် နန်းတည်ကျေးရွာအုပ်စု ရွာလေးကျေးရွာမူလတန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် ညနေ ၄ နာရီက ယင်းကျောင်း၌ကျင်းပသည်။

အဆိုပါကျောင်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ တောင်သာမဲဆန္ဒနယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်သောင်းက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အခမ်းအနားတွင် တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းက အမှာစကားပြောကြားပြီး ရွာလေး အခြေခံပညာကျောင်းဖွင့်လှစ်ခွင့်ပြုသည့်ရုံးမိန့်ကို မြို့နယ်ပညာရေး မှူးဦးလင်းက ကျောင်းအုပ်ကြီးထံပေးအပ်ခဲ့သည်။ ရွာလေးကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဖွင့်လှစ်ရခြင်းအပေါ် ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးဝင်းမောင်နှင့်ဇနီး ဒေါ်ရီရီနွဲ့တို့က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် သင်တန်းဖွင့်

ရေနံချောင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျေးလက်ပြည်သူများ ဗဟုသုတရရှိရန်အတွက် နို့စား၊ အသားစားနွားနှင့် ခိုင်နွားများ တိုးတက်များပြားစေရန်ရည်ရွယ်ချက်ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မေထုန်မဲ့သားစပ် (A1) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ ဖွင့်ပွဲ အခမ်းအနားတွင် ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာ ကျော်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ် မွေး/ကုဌာန၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်မင်းနှင့်သင်တန်းသား ၂၇ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သိန်းဇော်

စာပေရေချမ်းစင် စာအုပ်သစ်များ ဖြည့်ဆည်း

ရေနံချောင်းမြို့နယ်အတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် စာပေရေချမ်းစင်များ၏ စာအုပ်ဖြည့်ဆည်းရေးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လစဉ်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ဩဂုတ် ၁ ရက်၊ ၁၀ ရက်နှင့် ၂၀ ရက်တို့တွင် ရေနံချောင်းမြို့နယ်အတွင်းရှိ စာပေရေချမ်းစင် ရှစ်ခုကို စာအုပ်များ ဖြည့်ဆည်းဆောင်ရွက်ပြီး ပြည်သူများလစဉ်စာအုပ်အသစ်များ ဖတ်ရှုနိုင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။ စာပေဖြင့် အကျိုးပြုသည့်မှတ်သားဖွယ်ရာ ဗဟုသုတရရှိစေမည့်စာအုပ်များကို လစဉ်စာအုပ်မျိုးစုံဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဘာသာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိ၊ အားကစား၊ ပြည်သူ့နီတိနှင့်ကလေးသူငယ်ဆိုင်ရာ စာအုပ်မျိုးစုံကို စာပေရေချမ်းစင်အိတ်များတွင် ထားရှိဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သိန်းဇော်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(မကွေး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မကွေး)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	သစ်စားပွဲ(ကျွန်း) (၆'×၃'×၁'၆")	၂
၂။	ကုလားထိုင်(လက်တန်းပါ)	၈
၃။	စာကြည့်တိုက်သုံးစားပွဲ	၃၀

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မကွေး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၄-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(မကွေး) ဖုန်း-၀၆၃-၂၈၃၀၉ နှင့် စီမံဌာနရုံးတို့တွင် စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
နည်းပညာတက္ကသိုလ်(မကွေး)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

ရုံးသုံးပရိဘောဂများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် ရုံးသုံးပရိဘောဂ ၂၀ မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၅-၇-၂၀၁၄ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)၊ ဖုန်း-၆၄၂၅၅၉ နှင့် ၆၅၁၇၂၁ တို့တွင် စုံစမ်းနိုင်ပါသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သူနာပြုတက္ကသိုလ်၊ ရန်ကုန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် တိုးချဲ့ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ၊ (၄)ထပ်တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် Transformer တပ်ဆင်ရန်နှင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်လိုပါသဖြင့် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီများ)အား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၈-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၈-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၂၂၂၈၈၃၊ ၂၂၂၈၈၄၊ ၂၂၂၈၈၅ တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

လေလံတင်ရောင်းချရန်ကြော်ငြာ

မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ အမှတ်(၁၊ ၂၊ ၃)ပရိဘောဂစက်ရုံရှိ တာယာဟောင်း၊ ဘက်ထရီအိုးဟောင်းများကို (ချိပ်ပိတ်)တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

(က) **လေလံတင်ရောင်းချမည့်နေရာ** - အမှတ်(၁၊၂၊ ၃)ပရိဘောဂစက်ရုံများ၊ သစ်တောဝင်း၊ သစ်တောရပ်ကွက်၊ အလုံမြို့နယ်
(ခ) **လေလံတင်ရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၄ရက်၊ နံနက် ၉း၀၀နာရီ
(ဂ) **လေလံလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - အမှတ်(၁၊၂၊၃) ပရိဘောဂစက်ရုံများ (ရုံးချိန်အတွင်း)
(ဃ) **လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၅-၈-၂၀၁၄ ရက်
(င) **လေလံလျှောက်လွှာပိတ်ရက်** - ၁၄-၈-၂၀၁၄ ရက်

လေလံဝယ်ယူမည့်လျှောက်လွှာနှင့် စည်းကမ်းချက်များ၊ လပ်ပုံစာရင်းများကို တစ်စုံလျှင် ကျပ် ၅၀၀၀ိ/(ငါးထောင်)နှုန်းဖြင့် ဝယ်ယူ၍ သတ်မှတ်ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

အမည်မှန်

ဦးရဲထွန်း ၉/မရမ(နိုင်)၀၆၆၃၈၆၏ သမီး မယုယုမော် (သန်းခေါင်စာရင်းအမည်-မရွှေရည်ဦး)သည် နေပြည်တော် ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ အမှတ် ၁၄ အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (D)တွင် ပညာသင်ကြားနေသူဖြစ်ပြီး အမည်မှန်မှာ မယုယုမော် ဖြစ်ပါသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၇၀၄၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မင်းရာဇာလမ်း၊ အမှတ်(၅၈၄/က)ဟုခေါ်တွင်သော (အလျား ၂၀ပေ×အနံ ၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်သဇင်ဦး LL.B
အထက်တန်းရှေ့နေ (စဉ်-၃၇၀၀၉)
အမှတ်(၅၅/က)၊ ကော့သောင်းလမ်း၊ ၁၈/ဘီရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၄၁၉၀၁၂၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အောင်ဘာလေထီပေါက်စဉ် အွန်လိုင်းတွင်ကြည့်ရှုနိုင်

ရန်ကုန် ဩဂုတ် ၆

ထီထိုးပြီး ထီပေါက်စဉ်မတိုက်ဖြစ်လိုက်၍ ထီဆုများနှင့်လွဲချော်နေမှုများကို အထိုက်အလျောက်အထောက်အကူဖြစ်စေရန် ထီပေါက်စဉ်များကို အွန်လိုင်းမှတစ်ဆင့် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လူအများစုက ထီသာထိုးကြပြီး ထီပေါက်စဉ်ဝယ်တိုက်ဖို့ကျတော့ ဝန်လေးနေကြတာတွေ့ရပါတယ်။ ဒါကြောင့်လည်း ထီပေါက်နေတာကို မသိရဘဲဖြစ်နေပါတယ်။ တစ်နှစ်တစ်နှစ် ထီပေါက်ပြီး လာမထုတ်တဲ့ ငွေတွေဟာ အတော်များများရှိပါတယ်။ ယခုအခါမှာတော့ ဒီလိုမဖြစ်ရလေအောင် ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ထီထိုးသူများ အလွယ်တကူထီပေါက်စဉ်တိုက်နိုင်ဖို့ အွန်လိုင်းမှတစ်ဆင့် အောင်ဘာလေထီပေါက်စဉ်ကို လွှင့်တင်ပေးထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အောင်ဘာလေ ထီပေါက်စဉ်ကို လစဉ်ထီဖွင့်ပြီးတိုင်း www.irdm-yan.mar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ယခုအခါ အင်တာနက်ချိတ်ဆက်ထားသော မိုဘိုင်းဖုန်းသုံးစွဲမှုများလာပြီဖြစ်ရာ အင်တာနက်မှတစ်ဆင့် ထီပေါက်စဉ်များကို အလွယ်တကူ ကြည့်ရှုနိုင်ပြီဖြစ်သည်။

ထီထိုးပြီး ထီပေါက်စဉ်တိုက်မှုနည်းပါးခဲ့ခြင်းကြောင့် လွန်ခဲ့သည့် သုံးနှစ်တာအတွင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရသော ငွေကြေးပမာဏမှာ ငွေကျပ် ခုနစ်ဘီလီယံခန့်ရှိသည်ဟု ဆိုသည်။ ပြည်သူများ ပေါက်ပြီးထီဆုများ ထုတ်ယူနိုင်ရေးအတွက် လစဉ်ထီဖွင့်ပြီး ၁ ရက်နေ့နောက်ပိုင်းရက်များအတွင်း မိမိတို့ ထီလက်မှတ်များကို အွန်လိုင်းတွင် ဝင်ရောက်ကြည့်ရှုကာ ထီပေါက်စဉ်တိုက်နိုင်တော့မည်ဖြစ်သည်။

ယခုအခါ ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် ပြည်သူများထီပေါက်နှုန်း အားကောင်းလာစေရန် အကွာရာတိုက်စရာမလိုဘဲ ကျပ်တစ်သိန်းဆုနှင့် ကျပ်ငါးသောင်းဆုများ ပေါက်နိုင်သည့် ပဒေသာယှုနစ်ဆုများကိုလည်း ထည့်သွင်းဖွင့်လှစ်ပေးလျက်ရှိသည်။ ရှေ့ဂဏန်းလေးလုံးတူရုံဖြင့် ထီပေါက်နိုင်သည့် အခွင့်အလမ်းဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်သည့် (၁၀၇)ကြိမ်မြောက်တွင် ယင်းပဒေသာယှုနစ်ဆုများ စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

အောင်ဘာလေသိန်းဆုဌာနခွဲက လာမည့် စက်တင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁၀၈)ကြိမ်မြောက် ထီဖွင့်ပွဲအတွက် အက္ခရာလုံးရေ ၃၀ က မှ သ အထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဆုမဲအရေအတွက် ၂၇၈၃၃ ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး

ကျောက်တံတားမြို့နယ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်။ ဓာတ်ပုံ-သက္က

ဒလမြို့နန်းတော်မိုဘိုင်းဆိုင်၌ ၄၇ သိန်းကျော်ဖိုး ဟန်းဆက်မျိုးစုံ ခိုးယူခံရ

ဒလ ဩဂုတ် ၆

ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက် မလိခလမ်းနှင့် ဒလတံတားလမ်းဆုံရှိ နန်းတော်မိုဘိုင်းအရောင်းဆိုင်တွင် ဇူလိုင် ၂၇ ရက်က ငွေကျပ် ၄၇ သိန်းကျော်တန်ဖိုးရှိ ဟွာဝေးနှင့် အခြားဟန်းဆက်မျိုးစုံတို့ကို ဆိုင်ခန်းလိပ်တံခါးသော့ပိတ်နေရာကို ဖြတ်တောက်၍ ဖောက်ထွင်းခိုးယူခံရမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ပိုင်ရှင် ဒေါ်ကြူကြူသင်း ဗညားဒလရပ်ကွက်နေသူက ဇူလိုင် ၂၆ ရက် ည ၉ နာရီခွဲက ဆိုင်ပိတ်ပြီး နေအိမ်၌ ပြန်နေခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီခွဲကျော်တွင် ဆိုင်ဝန်ထမ်း မစိုးယဉ်မွန်က ဆိုင်ဖွင့်သွားရာ ဆိုင်တံခါး (လိပ်တံခါး)မှာ သုံးပုံတစ်ပုံခန့်ပွင့်နေသည်ကို တွေ့ရှိရသဖြင့် ဖုန်းဆက်သောကြောင့် ဆိုင်ပိုင်ရှင်က ဆိုင်ကို သွားရောက်စစ်ဆေးရာ ဆိုင်ဘီရိုအတွင်းရှိ ဟန်းဆက်အမျိုးအစားမျိုးစုံ ၇၆ လုံး ပျောက်ဆုံးနေကြောင်း၊ တန်ဖိုးငွေကျပ် ၄၇၁၀၀၀၀ ကျော်ရှိပြီး အသေးစိတ်စာရင်းဖြင့် ဒလရဲစခန်း၌ ပူးတွဲတင်ပြ၍ ဖောက်ထွင်းခိုးယူသွားသူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းခဲ့ခြင်းဖြစ်သည်။

ထိုအမှုအား ဒလမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးခင်မောင်လွင်က အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သန်းငွေး(ဒလ)

တောင်သာ နန်းတည်အထက(ခွဲ) အဆင့်တိုးမြှင့် ဖွင့်လှစ်

တောင်သာ ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် နန်းတည်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်သည့်အခမ်းအနားကို ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဌေးအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလင်းက ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုသည့် ပညာရေးဌာန၏ ရုံးမိန့်အား ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်ထံ ပေးအပ်ကာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံကို ကျောင်းအုပ်ဆရာကြီးက တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်က နန်းတည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၄၈ ဒါဇင်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူပြီး ကျောင်းအကျိုးတော်ဆောင် ဦးအောင်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ကျော်မျိုးနိုင်(တောင်သာ)

စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

ဘုတ်ပြင်း ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် စတိန်ကျေးရွာအုပ်စု စတိန်ချောင်းဖျားကျေးရွာ ခရစ်ယာန်ဘုရားကျောင်းအဆောက်အအုံတွင် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက ကျေးရွာနေပြည်သူများနှင့် ကျောင်းသားကျောင်းသူများ စာဖတ်ခြင်းအလေ့အထတိုးပွားလာစေရန် ရည်ရွက်လျက် ဝမ်းစာဖြည့်ဖို့ စာဖတ်စို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ ဒုတပ်ရင်းမှူး ဦးစိုးဝင်းပိုင်က မြန်မာနိုင်ငံကြက်ခြေနီအကြောင်း သိကောင်းစရာများနှင့် ကျေးလက်သားဖွားဆရာမ ဒေါ်အေးစိုးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးသိကောင်းစရာများအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ကျေးလက်ကျန်းမာရေးအဖွဲ့နှင့် ကြက်ခြေနီအဖွဲ့ဝင်များက ကျေးလက်နေပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

(က)	**Underground Cable**	**2-Items**
(၁)	U/G Cable (40x2x0.4mm)	1.5-Kms
(၂)	U/G Cable (150s2s0.4mm)	2-Kms
(ခ)	**ကွန်ကရစ်တိုင်**	**2-Items**
(၁)	၇-မီတာ ကွန်ကရစ်တိုင်	830-Nos
(၂)	၈-မီတာ ကွန်ကရစ်တိုင်	510-Nos
(ဂ)	Digital Earth Tester	1-No
(ဃ)	**Exchange**	**3-Items**
(၁)	Line(200) Auto Exchange	8-Nos
(၂)	Line(250) Exchange	1-No
(၃)	Line (256) Exchange	2-Nos
(င)	**Cable Pair Checker and Insulation Testmeter**	**2-Items**
(၁)	Cable Pair Checker	5-Nos
(၂)	Insulation Testmeter	4-Nos
(စ)	**Fiber Cable, OTB, Closure and Patch Cord**	**4-Items**
(၁)	Fiber Cable 24 Core (O/H) Armoured	13-Kms
(၂)	OTB With Access; (24 Core)	3-Nos
(၃)	Fiber Joint Closure (24 Core)	6-Nos
(၄)	Patch Cord FC/PC (5M)	20-Nos
(ဆ)	**ပရိဘောဂ**	**3-Items**
(၁)	Aluminium Office Desk (4'x2'x2.5')	12-Nos
(၂)	Aluminium Cupboard (6'x3'x1.5') 4 Shelf	6-Nos
(၃)	ကွန်ပျူတာဆုံလည်ကုလားထိုင်(လက်တင်ပါ)	12-Nos
(ဇ)	**KX TDA-600 အိတ်ချိန်းကတ်**	**6-Items**
(၁)	Trunk Card	1-Card
(၂)	24 Line Card	10-Cards
(၃)	BUS Master	1-Card
(၄)	Expension Shelf	1-Card
(၅)	Power Card	1-Card
(၆)	CPU Card	1-Card
(ဈ)	Battery (12V, 150 AH) Acid Type	400-Nos
(ည)	**ခြေအိတ်၊ ခါးပတ်၊ မိုးကာအင်္ကျီ၊ စာပို့လုလင်လွယ်အိတ်နှင့် တက်ထရွန်ပိတ်စ**	**5-Items**
(၁)	ခြေအိတ်(ပြည်တွင်းဖြစ်) အနက်ရောင်	3500-Sets
(၂)	ခါးပတ်(ကြေးခါးပတ်ခေါင်းအပါအဝင်)	2000-Nos
(၃)	ကျားကြီးဝတ်မိုးကာအင်္ကျီ	500-Nos
(၄)	စာပို့လုလင်လွယ်အိတ်(ဆသရတံဆိပ်ဝိုင်းအပါ)	1500-Nos
(၅)	တက်ထရွန်ပိတ်စ(အဖြူ) အနံ-၄၅"	2000-Yards
(ဋ)	**ကင်းဘတ်ဖိနပ်**	**6-Items**
	ကင်းဘတ်ဖိနပ် (No-39, 40, 41, 42, 43, 44)	
(ဌ)	**5 KVA AVR, 2 KVA UPS, Vacuum Cleaner**	**3-Items**
(၁)	5KVA AVR (Single Phase)	6-Nos
(၂)	2KVA UPS (With Batterises 24 V)	6-Nos
(၃)	Vacuum Cleaner	6-Nos
(ဍ)	**လုပ်ငန်းသုံးပုံစံ**	**4-Items**
(၁)	ACG-20	5500-Books
(၂)	ACG-20(a)	5000-Sheets
(၃)	IF-46	1000-Sheets
(၄)	ACE-4	4000-Sheets
(ဎ)	**စာရေးကိရိယာ**	**6-Items**
(၁)	Foreign Paper A4 (၅၀၀)ရွက်ပါ (70 gsm)	500-Reams
(၂)	Foreign Paper F'scap (၅၀၀)ရွက်ပါ (70 gsm)	300-Reams
(၃)	Sittaung Paper A4	150-Reams
(၄)	Register Book (စစ်တောင်းစက္ကူဖြင့်) (၂၀၀)ရွက်ပါ	700-Books
(၅)	Gum Bottle	100-Bottles
(၆)	Flat Board	1700-Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂-၉-၂၀၁၄ ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မရမ်းကုန်းမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၂

ဦးအောင်မြင့်
အမှတ် ၆၃၆(ဘီ)၊ ၆လမ်း၊ သမိုင်း၊
(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

နှင့် ၁။ ဦးလှိုင်ထွန်း
အမှတ် ၄၇၊ သမိုင်း၊ ဘူတာရုံလမ်း၊
(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဒေါ်လှကြည်
အမှတ်၆၃၆(ဘီ)၊ ၆လမ်း၊ သမိုင်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၄၇ နေ ဦးလှိုင်ထွန်း(ယခုနေရပ် လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၆၃၆(ဘီ)နေ ဒေါ်လှကြည် (ယခုနေရပ်လိပ်စာမသိသူ) တို့အားသိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မြင့်က ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး တော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ ရက် (၁၃၇၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းမျိုးညွန့်ဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)၊ မရမ်းကုန်းမြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၆-၂၀၁၄ ရက် မြန်မာ့အလင်း သတင်းစာကြော်ငြာကဏ္ဍ အချပ်ပိုစာမျက်နှာ(၆) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၈) ဦးကျော်ဒင်၏ အမည်ပြောင်းတွင် မြေတိုင်းအမှတ်(၁)အစား (၁/အနော်မာ)ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တိုက်နယ်ဆေးရုံပန္နက်တင်အခမ်းအနား ကျင်းပ

စစ်ကိုင်း ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပဒူကျေးရွာ၌ တိုက်နယ်ဆေးရုံ ၁၆ ခုတင်ဆံ့ အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေရှိ အာရ်စီတစ်ထပ် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဩဂုတ် ၄ ရက်က အဆိုပါ ကျေးရွာရှိ တိုက်နယ်ဆေးရုံတည်ဆောက်မည့်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းလွင်၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်ကြည်အေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညို၊ ပဒူကျေးရွာ ရပ်မိရပ်ဖများနှင့် Green Mark Engineering& Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုအောင်တို့က ပန္နက်တိုင်များ စိုက်ထူပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် ပဒူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား သန့်(၄)သန့်အကြောင်း ဟောပြောခဲ့သည်။ ကျောင်းအုပ်ကြီးနှင့်ဆရာဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်ကြည်အေးနှင့် ဆရာ ဆရာမများကို တိုက်နယ်ကျန်းမာရေးဌာနတွင် တွေ့ဆုံပြီး နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝန်ထမ်းများအနေဖြင့် လိုက်နာရမည့်အချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

မျိုးဝင်း(စစ်ကိုင်း)

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဝန်းကျင်ဒေသ တောင်ပတ်လမ်းများတွင် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် တောင်နံရံမြေသားဖဲ့ခြင်း၊ လမ်းပခုံးမြေဖို့ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး အထူးပြင်ဆင်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ဩဂုတ် ၄ ရက်က မြင်တွေ့ရစဉ်။

ဓာတ်ပုံ-နေအောင်

တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

ထားဝယ် ဩဂုတ် ၆

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့် သင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာတွင် ဩဂုတ် ၄ ရက်က ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်သိန်းက တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်း၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်နေရသောလုပ်ငန်းစဉ်များမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများနှင့် တိုက်ရိုက်ဆက်နွယ်၍ဆောင်ရွက်ရသော လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိရမည့် အချက်များကို တာဝန်ရှိသူများက ပို့ချမည်ဖြစ်ကာ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများနှင့် ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်များမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်သည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နေရသော အောက်ခြေအဆင့် ဝန်ထမ်းများအပေါ်တွင် အဓိကတည်ရှိနေသဖြင့် အဆိုပါဝန်ထမ်းများ မိမိတို့၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ တာဝန်သိမှု၊ တာဝန်ခံမှုများရှိစေရေးအတွက် ယခုကဲ့သို့ စွမ်းဆောင်ရည်မြှင့်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

သတင်းတို

ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်ပေး

အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြည်သူလူထုအသိပညာဖွံ့ဖြိုး တိုးတက်ရေးအတွက် ရွေ့လျားစာကြည့်တိုက်(Mobile Library)ကွင်းဆင်းဆောင်ရွက်မှုကို အောင်လံမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ဩဂုတ် ၁ ရက်က ဆောင်ရွက်ပေးခဲ့ပြီး အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ဆရာဆရာမများ၊ကျောင်းသား ကျောင်းသူများအား သုတရသစာအုပ် စာစောင် ၂၅၀ကို ငှားရမ်းပေးခဲ့ကာ အပတ်စဉ်သောကြာနေ့တိုင်း စာအုပ်စာစောင်အသစ်များ ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်း၊ အမှတ် (၂၃၂)နေ ဦးကောင်းမြတ်မိုး ၁၃/တကန(နိုင်)၁၆၄၈၁၃ သည် "KM KOREA TECHNOLOGY SPECIAL QUALITY" ဟူသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မိုးကာ၊ ထီး၊ ကော်ဇော၊ အင်္ကျီနှင့် ကြမ်းခင်းပစ္စည်းများပေါ်တွင် တံဆိပ်ခတ်နှိပ် ထုတ်လုပ်ဖြန့်ချိလုပ်ကိုင်ရန် ၃၀-၆-၂၀၁၄ ရက်စွဲဖြင့် တစ်ဦးတည်းမူပိုင်လုပ်ငန်းအဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်းခဲ့ရာ တောင်ကြီးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှ ၂၀၁၄ခုနှစ် စာချုပ်အမှတ်-၁၁၆ ဖြင့် လက်ခံဆောင်ရွက်ရန် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းခွင့်ရရှိခဲ့ပြီး တောင်ကြီးမြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကိုယ်ပိုင်မူပုံစံဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဤကြော်ငြာပါသည့်ရက်မှစ၍ ဖော်ပြပါတံဆိပ်၊ အမည်၊ အမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ ပုံတူပုံမှား ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးစန်းယုနိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၅၆)
အမှတ်-၁၀၈၊ ဗိုလ်ချုပ်လမ်း၊ နယ်မြေ ၆၊ လမ်းမတော်ရပ်၊တောင်ကြီးမြို့

ဒေါ်မွန်မွန်သန်း	**ဒေါ်ရွှေစင်မိုး**
(စဉ်-၃၃၈၇၉)	**(စဉ်-၃၉၇၉၆)**
(အထက်တန်းရှေ့နေ)	**(အထက်တန်းရှေ့နေ)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၅

ဦးခွေးလေး	**နှင့်**	၁။ ဦးလတ်မောင်မောင်
		၂။ ဦးအောင်ချစ်
တရားလို		**တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်သော ၁။ ဦးလတ်မောင်မောင် ၂။ဦးအောင်ချစ် အမှတ် (၃၀၂/ခ)၊ မင်္ဂလာလမ်း၊ ၁၃ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဦးခွေးလေးက 'ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဩဂုတ် ၁၃ရက် (၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ရက်) နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(သဇင်စိုး)
ဒုတိယမြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အမှတ် ၁၇၊ သဇင်လမ်း၊ အပိုင် ၁၅ ဟုခေါ်တွင်သော အလျား ၃၉ပေ×အနံ၁၅ပေရှိ မြေကွက်နှင့် အိမ်အပါအဝင် သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်အောင် MGDN-၀၆၈၀၁၂-ဒေါ်စန္ဒာဦး ၁၂/မဂဒ(နိုင်)၁၂၈၉၃၄တို့ထံမှ ၁-၈-၂၀၁၄ ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်စန်းဌေး ၁၂/မဂဒ(နိုင်)၀၀၇၀၀၃က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်သန်း LL.B, D.B.L, D.M.L	**ဦးမောင်မောင် LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၈၅၂၄)	**(စဉ်-၃၆၁၇၉)**

အမှတ် ၅၀၊ ဘဏ်လမ်း၊ ဒုတိယထပ်၊ အခန်း(၂)၊
ကျောက်တံတားမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇A၊ မြေကွက်အမှတ် ၃၃/၁Q²၊ မြေကွက်တည်နေရာအမှတ် ၅၂၆၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် (၁)ဦးစောကျော်လှိုင်၊ (၂)စောမြတ်ထွဋ်လှိုင်၊ (၃)စောမြင့်ထူးလှိုင်၊ (၄)နော်ရတနာလှိုင်၊ (၅)စောပိုလျှံလှိုင် အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက် ဦးစောကျော်လှိုင်နှင့်ဇနီးဒေါ်ဒိုင်နာတိုးတို့ကွယ်လွန်သဖြင့် (၁)ဦးစောမြတ်ထွဋ်လှိုင် ၁၂/ကမတ(နိုင်)၀၄၄၇၂၇၊ (၂)ဦးစောမြင့်ထူးလှိုင် ၁၂/ကမတ(နိုင်) ၀၀၆၂၈၂၊ (၃)နော်ရတနာလှိုင်၁၂/ကမတ (နိုင်)၀၄၉၉၃၀၊ (၄)ဦးစောပိုလျှံလှိုင် ၁၂/ ကမတ(နိုင်)၀၅၆၆၄၅တို့ကသားသမီးများ တော်စပ်ကြောင်းကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၂)၊ ပဋ္ဌမတန်း(A)မှ မောင်မျိုးသန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးထွန်း ၅/တမန(နိုင်)၀၄၀၂၇၁ ဖြစ်ပါကြောင်း။

ဦးမျိုးထွန်း ၅/တမန(နိုင်)၀၄၀၂၇၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရှမ်းအေးအနောက်၊ မြေကွက်/ဦးပိုင်အမှတ်(၃၁C)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးစိုးမိုးကျော်(ပါ)၄ အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်သီတာ ၉/လဝန(နိုင်)၀၀၇၂၆၄ (ဘ) ဦးမြင့်သိန်း ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မိုးစပါးဆစ်ပိုး ကာကွယ်ရေး မြို့နယ်လုံးကျွတ် ဆောင်ရွက်

ရွှေဘို ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယမန်နှစ် မိုးစပါးရာသီက ဆစ်ပိုးများကျရောက်သဖြင့် စပါးအထွက်နှုန်းသိသိသာသာကျဆင်းခဲ့သဖြင့် ယခုနှစ်၂၀၁၄-၂၀၁၅ မိုးစပါးရာသီတွင်အရည်အသွေးမီ စပါးအထွက်နှုန်းတိုးစေရန် ရည်ရွယ်၍ ဆစ်ပိုးကျရောက်မှုမရှိစေရေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆစ်ပိုးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် စုပေါင်းမီးထောင်ချောက်ထွန်းခြင်းကို ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်နှင့် ဒီပဲယင်းမြို့နယ်များတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဦးဆောင်ကြီးကြပ်လျက် မြို့နယ်လုံးကျွတ်မီးထောင်ချောက်ထွန်းခြင်းလုပ်ငန်းကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုးသီဟ(iprd)

ပြည်သူလူထုအခြေပြု တီဘီရောဂါဝေဒနာ ပြုစုစောင့်ရှောက်ရေးစီမံချက် ပညာပေးဟောပြော

ထားဝယ် ဩဂုတ် ၆

ပြည်သူလူထုအခြေပြု တီဘီရောဂါဝေဒနာရှင်များ ပြုစုစောင့်ရှောက်ရေးစီမံချက် အသိပညာပေးဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကနိုင်းဒါကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဩဂုတ် ၄ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးက မိုးရာသီတွင် အဖြစ်များသည့်ရောဂါများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်လှသန်းက တီဘီရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းက တီဘီရောဂါနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ထားဝယ်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တီဘီကြီးကြပ်သူ ဒေါ်ယဉ်ဖြိုးသက်က သလိပ်ထုတ်နည်း၊ လူနာရှာဖွေနည်း၊ လူနာညွှန်းပို့နည်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့မကျန်းမာရေးမှူး ဦးအောင်ကျော်စိုးက တီဘီရောဂါနှင့်ပတ်သက်၍ လည်းကောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် အဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား တီဘီရောဂါနှင့် ကျန်းမာပျော်ရွှင်သောမိသားစုဘဝ၊ တီဘီလူနာရှာဖွေကာ ပျောက်ကင်းအောင်ကုသပါ၊ သူ့ပတ်ဝန်းကျင်ရှိ တီဘီရောဂါ စသည့် တီဘီရောဂါကာကွယ်တားဆီးရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တီဘီရောဂါဝေဒနာရှင်များအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု ကျင်းပ

ကျောက်ကြီး ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းခန်းမတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းက ကိုယ်ဝန်ဆောင်မိခင် ၃၈ဦးကို ကိုယ်ဝန်ဆောင်မိခင်များအတွက် လိုအပ်သော ဆေးဝါး မျိုးစုံ၊ အနှီးပိတ်စနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မူကြိုကလေး ၁၅၀ ကို အာဟာရမျှတသောနေ့လည်စာ စားသောက်ဖွယ်ရာများကို ကျွေးမွေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမိုးကျော်သူနှင့် သူနာပြုများ၊ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပညာရေးဌာနမှ ဆရာဆရာမများ တက်ရောက်ကြကြောင်း သိရှိရသည်။

(၀၁၉)

ယင်းမာပင်မြို့နယ်၌ အခြေခံပညာမူလတန်းကျောင်းဖွင့်

ယင်းမာပင် ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် လက်ပံကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲကို အဆိုပါ ကျောင်းဝင်း၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က အမှာစကားပြောကြားကာ ရွာဦးကျောင်းဆရာတော် ဦးအရိန္ဒမက ကျောင်းအတွက် အလှူငွေကျပ် သိန်း ၃၀ လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက လက်ခံရယူခဲ့ပြီး ကျောင်းဆောက်လုပ်ရေးအတွက် လှူဒါန်းပေးသော အလှူရှင်များအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်သိန်း၊ ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

"ဒီကျောင်းလေးကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တုန်းက ခွဲကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့တာပါ။ ဒီစာသင်နှစ်မှာတော့ မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ အရင်အမကခွဲ မဖွင့်နိုင်ခင်က ကလေးတွေက မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းမကြီးကို ဖြတ်ကူးပြီး အခြားရွာမှာ ကျောင်းသွားတက်ကြရပါတယ်။ ကားလမ်းဖြတ်ကူးရတဲ့ အခက်အခဲ၊ မိုးရာသီမှာ ကားလမ်းပေါ် ရေလျှံတက်လို့ သွားလာရတဲ့ အခက်အခဲတွေ၊ ရေထဲဖြတ်ကူးရလို့ တွေ့ကြုံခံစားရတဲ့ ကျန်းမာရေးပြဿနာတွေ အမျိုးမျိုးကြုံရပါတယ်။ ကလေးတွေအဆင်မပြေသလို မိဘတွေကလည်း စိတ်ပူရတယ်။ အခုတော့ ကိုယ့်ရွာမှာပဲ ကျောင်းတက်ခွင့်ရကြတော့ ကလေးတွေရော မိဘတွေပါ အဆင်ပြေပါတယ်"ဟု ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးဖိုးဇော်က ပြောကြားသည်။

စိုးစိုး(iprd)

အမည်ပြောင်းခြင်း

ဦးစိုးမြင့်ဦး၏သား မအူပင်မြို့နယ် အထက်တန်းကျောင်းခွဲ အလက(၁) စတုတ္ထတန်း တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်ဟန်အား မောင်ကောင်းပြည့်ထက်စံဟု ပြောင်းလဲခေါ်ယူရန်။

ကောင်းပြည့်ထက်စံ

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာ အထက အဋ္ဌမတန်း ကျောင်းသား မောင်အာကာဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၁၂/မဘန(နိုင်) ၁၃၀၀၆၇ဖြစ်ပါသည်။

ဝန်ထမ်းအလိုရှိသည်

ဆံပင်ညှပ် မ ၃ ဦး၊ ခေါင်းလျှော် မ ၃ ဦး၊ လက်သည်းပန်းဆွဲ မ ၁ ဦး

တိုက် A-5၊ အခန်း 002၊ နှင်းဆီလမ်း၊ တာမွေ

ဖုန်း-၀၉-၇၃၂၀၅၀၄၆၊ ၀၉-၅၁၈၃၈၈၄

အမည်မှန်

ဦးအိုက်ညွန့် ၁၃/ကခန(နိုင်) ၀၀၁၀၈၀ ၏ သား စိုင်းဇွမ်မောင် သတ္တမတန်း(A) အထက (၁၄)၊ နေပြည်တော်၏ အမည်မှန်မှာ စိုင်းစွမ်မောင် ဖြစ်ပါကြောင်း။

အုပ်ထိန်းသူဖခင် ဦးအိုက်ညွန့်

အမည်မှန်

ဦးအိုက်ညွန့် ၁၃/ကခန(နိုင်) ၀၀၁၀၈၀ ၏ သား စိုင်းလော်ပိန်း ပဉ္စမတန်း(A) အထက(၁၄)၊ နေပြည်တော်၏ အမည်မှန်မှာ စိုင်းပိန်းဆိုင် ဖြစ်ပါကြောင်း။

အုပ်ထိန်းသူဖခင် ဦးအိုက်ညွန့်

CNG TAXI

(၃ဃ, AA/--) နေ့မောင်းအလိုရှိသည်

သုဝဏ္ဏဈေးအနီး(တစ်လက်ကိုင်)

ဖုန်း-၀၁-၂၃၀၁၅၆၇၊

၀၉-၇၃၁၉၆၅၃၀

ကမာရွတ်မြို့နယ်၊

အောင်မြေသာစည်အိမ်ရာတွင်

ပေ(၇၀×၇၀) ခြံအတွင်း (၃၅×၄၀)ပေ

နှစ်ထပ် RC

(A.C ၅လုံး၊ လိုင်းဖုန်း) ငှားမည်။

ဖုန်း-၀၉-၇၃၂၂၀၆၃၅

စက်မှုဇုန်မြေကွက်/ဂိုဒေါင်

ဝယ်/ငှားလို

ရွှေပြည်သာစက်မှုဇုန်

၁-၂-၃-၄

အများသိစေရန်ကြေညာခြင်း

ရေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ရေးမြို့မအုပ်စု၊ ကွင်းအမှတ် ၂/က၊ ဦးပိုင်အမှတ် ၁၇၂၊ မြေကွက်အမှတ်၁၈၈၊ ဧရိယာ ဝဒသမ ၀၅၈ဧကရှိမြေကို ၁၉၇၀-၁၉၇၁ ခုနှစ် မြို့အိမ်ရာမြေကွက်များ ပြန်လည်ချထားစဉ် မော်လမြိုင်ခရိုင်ဝန်မှ ဦးမောင်သော်အမည်ဖြင့်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်ထုတ်ပေးထားပါသည်။ ယခုအခါ အိမ်ရာဆောက်လုပ် နေထိုင်ခွင့်လက်မှတ်မှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေအား ဦးမောင်သော်ထံမှ ဦးစောမောင်၊ ဒေါ်မသွယ်တို့မှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၃၅၃/၈၀ ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းတို့၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးတင်ထွန်းထံမှ ဦးတင်စိန်သည် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်၂၉/၂၀၁၃ဖြင့်ဝယ်ယူခဲ့ရာ ဦးတင်စိန်မှ ဖော်ပြပါမြေအား အငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်း အထကကျောင်းနဝမတန်း(က)တွင် ပညာသင်ကြားနေသော မောင်ဒေ့နွှင်၏ ဖခင်အမည်ဦးဆွေဒွန်းနှင့်ဦးသန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဆွေဒွန်း(ခ) ဦးသန်းမြင့်**

၅/ကလထ(နိုင်) ၁၀၉၅၈၀

အမည်ပြောင်း

စစ်တွေမြို့နေ ဦးမောင်တင်လှ ၁၁/စတန(နိုင်) ၀၅၅၀၄၁ ၏ သမီး အထက(၂) အဋ္ဌမ တန်း A မှ ဆွေဇင်ထွန်းအား ဖြိုးသက်ဝေဟု အမည်ပြောင်းလဲခေါ်ပါရန်။

ဖြိုးသက်ဝေ

ကန့်ကွက်နိုင်ပါကြောင်း

